

စိတ်ကူးချိုချိုအနုပညာ

# အာဃာတနဲ့ငွေ

## သတင်းထောက်ဝင်းမြင့်ကြီး



၁၉၅၆ ခုနှစ်အတွင်းက
ရန်ကုန်မြို့တွင်
ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့သော
သူဌေးဦးဟုတ်ကြိုင်အသတ်ခံရမှု
အဖြစ်အပျက်မှန်များကို
စုံစမ်းဖော်ထုတ်ကြပုံ၊
အမှုအခင်းစစ်ဆေး
ထောက်လုမ်းကြပုံ၊
တရားသူကြီးက
ရှုမြင်သုံးသပ်ပုံတို့ကို
စိတ်ဝင်စားဖွယ်
တင်ပြထားသည်။

ngyoe.com

mgyoe.com

# အာဏာနဲ့ငွေ

သတင်းထောက်ဝင်းမြင့်ကြီး



WMK0007

2,500.00 KS

mgyoe.com

အာဏာနဲ့ငွေ၊ သတင်းထောက်ဝင်းမြင့်ကြီး
စာမျက်နှာ ၂၀၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၉ ဇလတ်ပန်းစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အာဏာနဲ့ငွေ

သတင်းထောက်ဝင်းမြင့်ကြီး

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## ကျေးဇူးတင်ပါ၏။

ဤစာအုပ်ရေးသားရာတွင် ဝိုင်းဝန်းကူညီသော အငြိမ်းစား ရဲဝန်ထောက် ဦးလှမောင်နှင့် ဤစာမူနှင့် စပ်လျဉ်း၍ သိသမျှ ပြောပြကြသော ပုဂ္ဂိုလ်များအပြင် ဟံသာဝတီသတင်းစာဟောင်းနှင့် ဓာတ်ပုံများ ကူညီသည့် သတင်းထောက် ကိုမောင်မောင်ခင်အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အမှာ သို့မဟုတ် ကြိုတင်ပန်ကြားချက်

ဤစာအုပ်ကို "မြို့တော်၏အပုပ်ချိန်"ဟု အမည်ပေးရန် ပထမ ရည်ရွယ်ခဲ့ပါသည်။ ရည်ရွယ်ခဲ့သည့်အတိုင်း "တရားခွင်မှ ကြိုးမိန့်များ" စာအုပ်တွင် မြန်မာပြည်မှုခင်းများ အမှတ်စဉ်(၂)အဖြစ် "မြို့တော်၏ အပုပ်ချိန်"ကို ဩဂုတ်လဆန်းတွင် ဖြန့်ချိရောင်းချရန် ကြေညာခဲ့ခြင်း ဖြစ်ပါသည်။ "မြို့တော်၏ အပုပ်ချိန်"ဟု အမည်ပေး၍ ရေးသားမည့် မှုခင်းကိုလည်း ထိုကြော်ငြာနှင့်အတူ တစ်ပေါင်းတည်း ထည့်သွင်းဖော်ပြ ခဲ့သည်။ စာအုပ်အဖြစ် ရေးသားထုတ်ဝေမည့် အကြောင်းအရာသည် ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ ညဉ့်ဦးယံအမှုဖြစ်ပွားရန် အစပြု ချိန်မှစကာ ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သော သူဌေးကိုဟုတ်ကြိုင် အသတ်ခံသည့်အမှုကို ရဲလက်မှ တရားခွင်သို့ ရောက်သည်အထိ ဖြစ်သည်။

ကိုဟုတ်ကြိုင် ဘာကြောင့် အသတ်ခံရသည်ဆိုသော အကြောင်းအရာများကို ရေးသားရန်အတွက် လက်လှမ်းမီရာ စုံစမ်းမေး မြန်းခြင်း၊ အမှုတွဲ၌ တွေ့ရှိချက်များကို ပေါင်းရုံးမိသည့်အခါ အဖြစ်

mgyoe.com

mgyoe.com



အပျက်နှင့် အမည်မှာ မဟပ်သည်ကို တွေ့ရှိလာရသောကြောင့် "အာဏာနဲ့ငွေ"ဟူသော အမည်ကို ဆိုင်းမဆင့်ဘဲ ပြောင်းလဲလိုက်ရခြင်း ဖြစ်သည်။ ဤစာအုပ်ပါ အဖြစ်အပျက်များနှင့် "အာဏာနဲ့ငွေ"ဆိုသည့် အမည်သည် အကြောင်းအကျိုး ဆက်စပ်ခြင်း ရှိ၊ မရှိကိုမူ စာဖတ်သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်သာလျှင် ဖြစ်စေချင်ပါသည်။

ထိုပြင် "အာဏာနဲ့ငွေ"စာအုပ်ကို ဖတ်ရသည့်အခါ အကြောင်းအရာများ ထပ်တလဲလဲ တွေ့မြင်ဖတ်ရှုရမည်။ အကြောင်းအရာတစ်ခုတည်းကို ထပ်ကာထပ်ကာ ဖော်ပြရသည်မှာ အကြောင်းရှိပေသည်။ ဤသို့ ဘာကြောင့် ဖော်ပြရသည်ကိုမူ စာဖတ်ပရိသတ်အား ကြိုတင်ပန်ကြားထား လိုပါသည်။

ဥပမာ – သူဌေးဦးဟုတ်ကြိုင် အသတ်ခံရမှုနှင့် ပတ်သက်၍ မှုခင်းဖြစ်ပျက်ပုံကို တင်ပြရာတွင် စာရေးသူကိုယ်တိုင် သတင်းထောက်တစ်ယောက်အနေဖြင့် ဤမှုခင်းကို စုံစမ်းရေးသားရစဉ်က တွေ့ကြုံရသော အဖြစ်အပျက်များကို ပထမ ရေးသားဖော်ပြ၍ အမှုစုံစမ်းသူတို့၏ စုံစမ်းချက်အရ ပေါ်လွင်လာသည့်အဖြစ်အပျက်များကို ဒုတိယတင်ပြထားသည်။ တတိယပိုင်းတွင်မူ အမှုစွဲတင်ပို့သောအခါ တရားခွင်၌ စစ်ဆေးတွေ့ရှိချက်များကို တရားသူကြီးက ပြန်လည်ဖော်ပြ၍ ဆင်ခြင်သုံးသပ်ချက်များကို တင်ပြထားပါသည်။

အကြောင်းအရာတစ်ခုတည်းကို ထပ်ကာထပ်ကာ ဖော်ပြထားခြင်းမှာ သံတူကြောင်းကွဲသဘော ဖြစ်သည်။ အကြောင်းအရာ တူညီသော်လည်း ထိုအကြောင်းအရာပေါ်တွင် သုံးသပ်ပုံ၊ စုံစမ်းပုံ၊ ထင်မြင်ပုံချင်း ခြားနားသည်ကိုကား စာဖတ်သူများ ဖတ်ရင်း ဆင်ခြင်မိလာမည် ဖြစ်ပါသည်။

တရားရုံးစီမံချက်များ အပြည့်အစုံ ဖော်ပြထားခြင်းနှင့် တရားခွင်မှ သက်သေတို့၏ အစစ်ခံချက်များထဲမှ လိုအပ်သည်ထင်သော အချက်များကို ကောက်နုတ်ဖော်ပြထားခြင်းမှာလည်း ဥပဒေပညာရှင်များ၊ ဥပဒေကျောင်းသူ ကျောင်းသားများနှင့် လုပ်သားပြည်သူတို့က ဥပဒေသဘောကို ပိုင်ပိုင်နိုင်နိုင် လေ့လာစေလိုသော စေတနာပင် ဖြစ်သည်။

mgyoe.com

mgyoe.com



မူလ တရားရုံး၏ ထင်မြင်ယူဆချက်များနှင့် အယူခံခုံရုံး၏ ထင်မြင်ယူဆချက်များ ကွဲပြားခြားနားခြင်း၊ တူညီခြင်း စသော သဘောများသည် ဥပဒေပညာမျက်စိအမြင်များ ဖြစ်သည်။ ဤအချက်ကို လေ့လာခြင်းကပင် ဗဟုသုတ တိုးပွားစေရမည်။

သူဌေး ဦးဟုတ်ကြိုင် အသတ်ခံရမှုမှာ လူသတ်မှုဆိုင်ရာ တရားဥပဒေသဘော ဖြစ်သည်။ ဤအမှုမှာ ဖြစ်ပွားသည့်အချိန်တွင် တရားခံများအား လက်ပူးလက်ကြပ် ဖမ်းမိခြင်းမဟုတ်ဘဲ စုံစမ်းအဖွဲ့ဝင်တို့က အမှုဖြစ်ပြီးနောက်မှ စုံစမ်းထောက်လှမ်းယူရသော စုံထောက်မှု ဖြစ်သည်။ စုံစမ်းထောက်လှမ်းခြင်းများသည်လည်း စိတ်ဝင်စားဖွယ်ရာများ ဖြစ်သည်။ ပထမ အမှုစုံစမ်းထောက်လှမ်းသူတို့အပေါ် ထပ်ဆင့် အရေးယူခြင်းများသည် ဤမှုခင်းကြီး၏ စိတ်ဝင်စားဖွယ်ရာများဖြစ်ကြောင်း ကြိုတင်ဖော်ပြအပ်ပါသည်။

သတင်းထောက် ဝင်းမြင့်ကြီး

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## သူတို့အမြင်ကို ပြန်လည်ဆွေးနွေးခြင်း

တရားခွင်မှ ကြိုးမိန့်များစာအုပ် ထွက်ပြီးနောက် ပူပူနွေးနွေးပင် စာဖတ်ပရိသတ်ထံမှ ဝေဖန်ချက်များ၊ ရင်းနှီးသော မိတ်ဆွေသင်္ဂဟတို့နှင့် တွေ့ဆုံမိရာမှ ဆွေးနွေးဝေဖန်ခြင်းများ ပြုလာသည်။ ကြိုတင်၍ပင် ဝေဖန်မှုကို လိုလားတောင့်တနေသည့်အချိန်တွင် ဝေဖန်ဆွေးနွေးခြင်းများ နှင့် ဆုံစည်းရသောကြောင့် ဝမ်းသာအားရဖြစ်မိသည်။ ကိုယ့်အတွေး အခေါ်၊ ကိုယ့်အယူအဆနှင့် အမြင်များသည် တစ်ယောက်တည်းအနေနှင့် မှန်နေသည်ဟု ထင်ရသော်လည်း စာဖတ်ပရိသတ်အနေဖြင့် ရှုထောင့် အမျိုးမျိုးမှ ဝေဖန်တင်ပြကြသည့်အခါ မိမိ၏အယူအဆ၊ အတွေးအခေါ် တို့ကို ပြန်လည်သုံးသပ် ဆင်ခြင်နိုင်ပေသည်။ တရားခွင်မှ ကြိုးမိန့်များ စာအုပ်တွင်ပါရှိသည့် ဖြစ်ရပ်များနှင့် ကျွန်တော့်အယူအဆ တင်ပြချက် များအပေါ် ဝေဖန်မှုများသည် ရှုထောင့်အသီးသီးမှ ဖြစ်လေသည်။ စာအုပ်တစ်အုပ်လုံး ခြုံ၍ ဝေဖန်မှုပြုသည့်အခါ အကောင်းနှင့်အဆိုး ယှဉ်တွဲနေသည်ဆိုသောအချက်ကို အဓိကထား၍ ပြောဆိုလာသည်။

အကောင်းနှင့်အဆိုးသည် ယှဉ်တွဲနေသော ဆန့်ကျင်ဘက်

mgyoe.com

mgyoe.com


တရားများ ဖြစ်သည်ကိုတော့ လက်ခံရပေမည်။ အကြောင်းအရာတစ်ခုကို ဖော်ပြရာတွင် ထိုအကြောင်းအရာပေါ်၌ အကောင်းမြင်သလို အဆိုးမြင်သူများလည်း ရှိပေမည်။ ပြဿနာတစ်ခု သို့မဟုတ် အကြောင်းအရာတစ်ခုကို မိမိကြိုက်နှစ်သက်ရာ ရှုထောင့်မှ ဝေဖန်ခြင်းသည် ထိုသူ၏ လွတ်လပ်ခွင့် ဖြစ်၍ ပိတ်ပင်ရန်အကြောင်း မပေါ်ပေါက်ပါ။ သို့သော် ထိုသို့ ဝေဖန်ခြင်းကို မှားသည်၊ မှန်သည် ပြန်လည်ဆွေးနွေးရန်အတွက် မူလက ဝေဖန်ခံရသူတွင် ထပ်မံ ရှင်းလင်းတင်ပြခွင့် ရှိရပေမည်။

ဝေဖန်ဆွေးနွေးခြင်းအားလုံးကို ပေါင်းရုံး၍ တင်ပြပါမည်။ တရားခွင်မှ ကြိုးမိန့်များစာအုပ်ကို ဖတ်ရှုခြင်းဖြင့် ဖြစ်ပျက်မှု အကြောင်းအရာများကို ဝတ္ထုဇာတ်လမ်းသဘောအရ တင်ပြထားခြင်းကြောင့် ဖတ်ရချိန်တွင် ဆွဲဆောင်မှုရှိသည်။ ထိုသို့ဖတ်ခြင်းနှင့် ပြည်သူတို့က ဥပဒေအချက်အလက်များကို ဆည်းပူးခွင့်ရသည်။ အမှုတစ်ခုပြီးဆုံးသွားသည့်အခါ ယင်းအဖြစ်အပျက်ဖြစ်ရသည့်အကြောင်းရင်းခံများကို စစ်တမ်းထုတ်ပြထားခြင်းကြောင့် ဖတ်သူတို့အတွက် ပညာရစေသည်။ ဤကား ရှုထောင့်တစ်ခု၏ ဝေဖန်ချက် ဖြစ်သည်။

အခြားရှုထောင့်တစ်ခုမှ ဝေဖန်ချက်တွင် အချို့ဥပဒေနှင့် ပတ်သက်၍ တင်ပြချက်များသည် ရာဇဝတ်မှုကျူးလွန်သူတို့အား နည်းပေးလမ်းပြ ပြုလုပ်ရာရောက်သည်ဟု ထင်သည်။ ဥပမာ ဖြောင့်ချက်ပေးရာတွင် အမှုဖြစ်သူတိုင်းသည် ဖြောင့်ချက်မပေးသင့်ဟု တိုက်ရိုက်မဟုတ်သော်လည်း သွယ်ဝိုက်၍ ဆိုထားခြင်းသည် ရာဇဝတ်မှုကျူးလွန်သူတို့အား ဖြောင့်ချက်မပေးရန် လမ်းပြရာရောက်သည် ဆိုလာသည်။

အမှုစစ်ဆေးခြင်းနှင့်ပတ်သက်၍ ရိုက်နှက်စစ်ဆေးခြင်းမျိုးသည် လူ့ကျင့်ဝတ်အရလည်းကောင်း၊ ဥပဒေအရလည်းကောင်း မပြုထိုက် မလုပ်ထိုက်သော အပြုအမူများသာ ဖြစ်သည်ဟု ဖော်ပြချက်ပေါ်တွင် ဝေဖန်သူက ရာဇဝတ်မှု ကျူးလွန်သူတစ်ယောက်အား အုန်းထမင်းနှင့် ကြက်သားဟင်း ကျွေး၍လည်းကောင်း၊ လက်ဖက်ရည်နှင့် ပေါင်မုန့်ထောပတ်သုတ်ကျွေး၍ စစ်ဆေးနေလျှင် ဤအမှုသည် ဘယ်သောအခါမျှ ပေါ်ပေါက်လာမည် မဟုတ်ဟု ဆိုလိုရင်းပင် ဖြစ်သည်။

mgyoe.com

mgyoe.com


ပထမ ဝေဖန်သူအား အထူးတလည် ပြန်လည်ဆွေးနွေးရန် မလိုသော်လည်း ဒုတိယအချက်နှင့် ပတ်သက်၍မူ ကျေကျေလည်လည် တင်ပြ ဆွေးနွေးလိုသည်။ တရားခွင်မှ ကြိုးမိန့်များစာအုပ်တွင် ကျွန်တော် ဖော်ပြခဲ့သည့်သဘောမှာ အမှုဖြစ်သည့်အကြောင်းအရာပေါ် တွေ့ရှိချက်များအရ ဖြစ်လေသည်။ ရာဇဝတ်မှုတစ်ခု ကျူးလွန်သူဟု စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံရသောသူအား ဥပဒေနှင့်အညီ ဖြောင့်ချက်ယူရပုံများနှင့် ပတ်သက်၍ တရားဥပဒေရေးရာ မွမ်းမံသင်တန်း၌ ပို့ချချက်ကို ဦးစွာ ဖော်ပြလိုသည်။

## တရားခံပေးသောဖြောင့်ချက်

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄/၃၆၄ အရ ရယူထားသော ဖြောင့်ချက်သည် သက်သေခံဥပဒေပုဒ်မ ၂၄ အရ၊ သက်သေ ခံဝင်၍ ထိုဖြောင့်ချက်အရ တရားခံအား အပြစ်ပေးနိုင်သည်။ ထို့ပြင် ၎င်းဖြောင့်ချက်ကို သက်သေခံ ဥပဒေပုဒ်မ ၃၀၀ အရ အခြားတရားခံများပေါ်၌ ထည့်၍ စဉ်းစားနိုင်သည်။ သို့ရာတွင် ဖြောင့်ချက်တစ်ခုတည်းနှင့် အခြားတရားခံများကို အပြစ်မပေးနိုင်ဟု ဆိုထားသည်။ (၁၉၅၈ ခုနှစ် မြန်မာစီရင်ထုံး တရားလွှတ်တော်ချုပ် စာမျက်နှာ ၁။ အောင်ထွန်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံနှင့် စာမျက်နှာ ၂၉၊ တရားလွှတ်တော် အလုနှင့် ပြည်ထောင်စုမြန်မာ နိုင်ငံကို ရည်ညွှန်းပါသည်) တရားခံဖြောင့်ချက်များကို အနည်းဆုံး ဖြောင့်ချက်ယူရန် အာဏာရှိသည့် ဒုတိယတန်း တရားသူကြီး သာ ယူနိုင်သည်။ ဖြောင့်ချက်ယူရန် အာဏာမရှိသည့် တရား သူကြီးယူထားသည့် ဖြောင့်ချက်သည် သက်သေခံမဝင်။ (၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး စာမျက်နှာ ၄၉ ကိုကြည့်ပါ)

ဖြောင့်ချက်ယူရာတွင် တရားသူကြီးတို့သည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၆၄/၃၆၄ တွင် သတ်မှတ်ထားသည့်အတိုင်း လိုက်နာရန်ဖြစ်

mgyoe.com

mgyoe.com


သည်။ ထိုသို့ ရယူထားသော ဖြောင့်ချက်များသည် သက်သေခံဥပဒေ ပုဒ်မ ၈၀ အရ သက်သေခံဝင်သည်။ ဆိုလိုသည်မှာ ဖြောင့်ချက်ယူသော တရားသူကြီးမှတစ်ဆင့် တင်သွင်းရန်မလိုတော့ဘဲ သက်ဆိုင်သည့်ဖြောင့်ချက်ကို အမှုတွဲတွင် သက်သေခံအဖြစ် သွင်းပြီး စဉ်းစားနိုင်သည်။

ပုဒ်မ ၂၄ တွင် ခြိမ်းခြောက်မှု၊ သွေးဆောင်မှု သက်သာရာရမည့် မျှော်လင့်ချက်နှင့် ကင်းသည့် တရားခံပေးသော ဖြောင့်ချက်များကို ဖြောင့်ချက်ပေးသော တရားခံအပေါ်တွင် အသုံးပြု၍ ရုံးက အပြစ်ပေးနိုင်သည်ဟု ဖော်ပြထားသည်။ တရားခံပေးသော ဖြောင့်ချက်များမှာ ခြိမ်းခြောက်မှု၊ သွေးဆောင်မှု ကင်းရှင်းပြီး တရားခံက အလိုအလျောက် မိမိသဘောအတိုင်းပေးသည့် ဖြောင့်ချက်ဟု ရုံးက ယူဆနိုင်ရန်

(၁) တရားခံအား အချုပ်တွင် ကြာမြင့်စွာမထားဘဲ ဖြောင့်ချက်ယူရန်။

(၂) ဖြောင့်ချက်ပေးပြီးနောက် တရားခံအား ရဲအချုပ်တွင် မထားဘဲ ထောင်ချုပ်သို့ပို့ရန် သို့မဟုတ် မြို့မရဲအချုပ်တွင်ထားရန် (ရုံး လက်စွဲဥပဒေ အပိုဒ် ၄၀၄ ကို ကြည့်ပါ)

(၃) တရားခံများ ဖမ်းဆီးပြီးနောက် ခွဲချုပ်ထားရန်။ ၎င်းတို့ ဖြောင့်ချက်မယူမီ ၎င်းတို့အား အတူမထားရ၊ အတူချုပ်ထားမိပါက ၎င်းတို့ပေးသော ဖြောင့်ချက်သည် အချုပ်တွင် အမှုကြောင်းခြင်းရာများ ညှိနှိုင်းတိုင်ပင်ပြီးနောက် ဖြောင့်ချက်ပေးသည်ဟု ဆိုနိုင်သည်။

(၄) တရားသူကြီးထံသို့ ဖြောင့်ချက်ယူရန် ပို့သောအခါ တရားခံများကို ခွဲ၍ တစ်ဦးစီ ပို့သင့်ပါသည်။

(၅) တရားခံများအား ဖြောင့်ချက်ပေးမည်၊ မပေးမည် မသိခင် ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ စစ်ဆေးသောအခါ တစ်ဦးစီ ခွဲစစ်ရန်နှင့် အချင်းချင်း မည်ကဲ့သို့ အဖြေပေးသည်ကို မသိစေရန်၊

mgyoe.com

mgyoe.com


> တရားခံများအား စွဲချက်ပြု၍ ရုံးတင်တရားမစွဲဆိုမီ ၎င်းတို့ထံမှ ဖြောင့်ချက်ယူရန် ဖြစ်သည်။ စွဲချက်ပြုပြီး ရုံးတင် တရားစွဲပြီးနောက် ၎င်းတို့ထံမှ ဖြောင့်ချက်ယူရန် မဖြစ်။
>
> တရားခံသည် ဖြောင့်ချက်ပေးပြီးနောက် ရုံးတင် တရားမစွဲ မီ၍ဖြစ်စေ၊ ရုံးတင်တရားစွဲပြီးမှဖြစ်စေ သေသွားခဲ့သော် ၎င်းတို့၏ဖြောင့်ချက်သည် သက်သေခံ ဥပဒေပုဒ်မ ၃၂ အပိုဒ်ငယ် (၃)အရ သက်သေခံဝင်သည်။ ထိုဖြောင့်ချက်ကို အခြားတရားခံများအပေါ် ထည့်၍ စဉ်းစားနိုင်သည့် (၁၉၄၈ ခု မြန်မာစီရင်ထုံးစာမျက်နှာ ၄၈ ကို ကြည့်ပါ။)

အဆိုပါ သင်တန်းပို့ချချက်မှာ တိုတိုနှင့် လိုရင်းအဓိပ္ပာယ် ပေါ်လွင် ပြီးသားဖြစ်၍ ဖြောင့်ချက်ကို တရားဥပဒေနှင့်အညီ ရယူမည့် လုပ်ထုံးလုပ်နည်းအား အလွယ်နှင့်ပင် သိမှတ်နိုင်ပေမည်။

ဤသို့သော ဥပဒေသတ်မှတ်ချက် စည်းကမ်းချက်များနှင့် အညီ ရယူထားပါသည်ဆိုသော ဖြောင့်ချက်များသည် တရားခွင်သို့ ရောက်ရှိလာသည့်အခါ တရားခံဟု စွပ်စွဲခံရသူတို့က ရဲက ညှဉ်းပန်း နှိပ်စက်၍ သင်ပေးသည့်အတိုင်း ပြောရပါသည်။ ဖြောင့်ချက်ပေးခဲ့ရပါ သည်ဟု ငြင်းဆိုလျက် ပေးထားသောဖြောင့်ချက်များကို ပြန်လည်ရုပ် သိမ်းကြသည်။ တရားခွင်၌ ဤသို့ ပြုလုပ်ကြသည်မှာ အစဉ်အလာ တစ်ရပ်လိုဖြစ်သည်ကို ပြီးဆုံးခဲ့ပြီး သောအမှုများတွင် တွေ့ရှိရသည်။

အမှုကြီးများတွင် ရဲက တရားသူကြီးထံ၌ ဖြောင့်ချက်ယူသည်။ ထိုဖြောင့်ချက်ကို တရားခွင်၌ စွပ်စွဲခံရသူက ငြင်းဆိုသည်များကို တွေ့မြင် လာရသည့်အခါ ထိုဖြောင့်ချက်များအပေါ်တွင် စဉ်းစားဝေဖန်မိလာ သည်။ ဤခေတ်အခါနှင့် ကိုက်ညီခြင်း ရှိ/မရှိဆိုသည်ကိုလည်း ဥပဒေ ပညာရှင်တို့က စဉ်းစားသင့်ပြီဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဥပဒေပညာရှင်တစ်ဦးနှင့် တွေ့ဆုံဆွေးနွေးကြည့်သည့်အခါ ဖြောင့်ချက်ကို သာမန်ရိုးရိုးတရားခံ၏ ဆန္ဒအရ ပေးခြင်းမျိုးမှာ ပြောရန်

mgyoe.com

mgyoe.com


အကြောင်း မပေါ်ပေါက်သော်လည်း ရဲက ရိုက်နှက်ညှဉ်းပန်းသောကြောင့် ပေးရသည့် ဖြောင့်ချက်မျိုးမှာ ရဲကျင့်ဝတ်နှင့်လည်း ဆန့်ကျင်သည်။ ဥပဒေနှင့်လည်း ဆန့်ကျင်သည်ဟု သူ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောပြလေသည်။ ထိုပုဂ္ဂိုလ်ကပင် အခြားနိုင်ငံများမှ ဖြောင့်ချက်ယူပုံနှင့်စာလျှင် မြန်မာပြည်က သက်သာသေးသည်ဟုလည်း ထပ်ဆင့်ပြောလေသည်။ ကမ္ဘာပေါ်ရှိ အချို့နိုင်ငံများတွင် တရားခံသည် ရဲထံပေးသည့်ဖြောင့်ချက်နှင့်ပင် ထိုတရားခံအပေါ် အပြစ်ပေးနိုင်သည်ဟု ဥပဒေသတ်မှတ်ချက်ထားသောကြောင့် ပို၍ဆိုးသည်ဟု ဆိုခြင်းဖြစ်လေသည်။

ဖြစ်ခဲ့ပြီးသောအမှုများနှင့်ပတ်သက်၍ ဖြစ်ပျက်သည့်အကြောင်းခြင်းရာများပေါ် အခြေခံ၍ လေ့လာတွေ့ရှိချက်များကို တင်ပြသည်။ ပြစ်မှု ဖြစ်ပွားရာတွင် အချို့အမှုများမှာ တရားခံအား လက်ပူးလက်ကြပ်ဖမ်းမိခြင်း (မျက်မြင်သက်သေရှိခြင်း) သက်သေခံအထောက်အထားများ ရရှိထားခြင်းကြောင့် စွဲချက်ပြုလုပ်ရာ၌ လွယ်ကူပေသည်။ ဤသို့သောအမှုမျိုးတွင် တရားခံသည်လည်းကောင်း၊ တရားခံဘက်မှလိုက်ပါဆောင်ရွက်သည့် အကျိုးတော်ဆောင်များသည်လည်းကောင်း အမှုမှ ထွက်ပေါက်မရသည့်အခါ ဥပဒေအခွင့်အရေးအရ သက်သာအောင်၊ ကြီးသည့်အမှု ငယ်အောင်သာ ရှောင်တိမ်းနိုင်ကြသည်။ ရှောင်တိမ်းရန် ကြိုးစားကြရသည်။

ပြစ်မှုကျူးလွန်ရာတွင် တရားခံ မမှတ်မိခြင်း၊ မျက်ကွယ်၌ဖြစ်ပွားခဲ့သော အမှုများမှာ စွဲချက်ပြုလုပ်နိုင်ရန်အတွက် သက်သေများ၊ သက်သေခံ အထောက်အထားများနှင့် တရားခံ၏ ဖြောင့်ချက်ပါ ထွက်ဆိုချက်များ၌ ပါရှိသည့် အချက်များပေါ် ငြိစွန်းချက် ရှိ၊ မရှိ ထင်ဟပ်ရသော အမှုမျိုးဖြစ်သောကြောင့် (စုံထောက်မှု) တရားခံထံမှ ဖြောင့်ချက်ရယူနိုင်ရေးသည် လိုအပ်ပါသည်ဟု ယူဆထားဟန် လက္ခဏာရှိလေသည်။

ပထမအမှုအမျိုးအစားတွင် အငြင်းပွားရန် အချက်မရှိသော်လည်း ဒုတိယအမှုအမျိုးအစားတွင် အထောက်အထားနှင့် တရားခံဆိုသူ၏ ဖြောင့်ချက်များမှာ စဉ်းစားဖွယ်ရာ ကောင်းလာသည့်ပြင် ဖြောင့်ချက်

mgyoe.com

mgyoe.com


ရယူရန် တရားသောနည်း မတရားသောနည်းများ ရောပြွမ်းနိုင်သည်ဟု သံသယဝင်စရာလည်း ဖြစ်နိုင်လေသည်။ ထို့ကြောင့် အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာများပေါ်၌သာ သုံးသပ်ဝေဖန်ခြင်းဖြင့် ဤခေတ်အခါနှင့် ဖြောင့်ချက်ဆိုသည်ကို ဥပဒေပညာရှင်တို့က စဉ်းစားနိုင်ရန် တင်ပြခြင်းသာ ဖြစ်သောကြောင့် ရာဇဝတ်မှုကျူးလွန်သူတို့အား နည်းပေးလမ်းပြမဟုတ်ကြောင်း ရှင်းလင်းရပေမည်။

တရားခံတစ်ယောက်အား အုန်းထမင်းနှင့် ကြက်သားဟင်း ကျွေး၍ လည်းကောင်း၊ လက်ဖက်ရည်နှင့် ပေါင်မုန့်ထောပတ်သုတ်ကျွေး၍ လည်းကောင်း၊ စစ်ဆေးခြင်းဖြင့် အမှုပေါ်ပေါက်မည်မဟုတ်ဆိုသော ဝေဖန်ချက်နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးလိုပါသည်။ သံသယဖြင့် ဖမ်းဆီးရသော အမှုများမှ တရားခံဟု စွပ်စွဲခံရသူများ၊ တစ်ဖက်သတ် စွပ်စွဲချက်ဖြင့် ဖမ်းဆီးစစ်ဆေးရသော တရားခံဟု စွပ်စွဲခံရသူများက ၎င်းတို့အပေါ် စွပ်စွဲသည့် ပြစ်မှုများကို မကျူးလွန်ရပါဟု ငြင်းဆိုလာသည့်အခါ အမှုပေါ်ပေါက်ရေး အတွက် ရိုက်နှက်စစ်ဆေးခြင်းမျိုး၊ အချုပ်ရောက်လာသူအပေါ် အငြိုးကြီးဖြင့် နာကျင်အောင် ပြုလုပ်ခြင်းများသည် ရဲအတတ်သင်ကျောင်းမှ သင်ကြားပေးလိုက်သည့် ပညာရပ်များထဲတွင်မပါသော်လည်း ရဲအချို့က ထိုအကျင့်ဆိုးကြီးကို လက်ခံကျင့်သုံးနေကြသည်ကို သတင်းစာများထဲ၌ မကြာခဏ ဖတ်ရလေသည်။ သတင်းစာထဲမပါဘဲ ကျိတ်ခံသွားကြသည့်သူများလည်း ရှိကောင်းရှိပေမည်။

အမှုပေါ်အောင် တရားခံကို ရိုက်နှက်စစ်ဆေးသည်ဆိုသည် ကပင် ထိုရဲအရာထမ်း အမှုထမ်းတို့အဖို့ ညံ့ဖျင်းကြောင်း တင်ပြနေခြင်းသာ ဖြစ်ပေသည်။ အမှုတစ်ခုကို ရိုက်နှက်စစ်ဆေးမှ ပေါ်ရမည်ဆိုက ဥပဒေအရ လက်ခံပြုကျင့်ခြင်းမမည်၊ ဥပဒေမဲ့ပြုရာရောက်သည်ဟု ဆိုရပေမည်။

ရဲအချုပ်သို့ ရောက်ရှိလာသူတစ်ဦးအပေါ် ရဲအရာထမ်း၊ အမှုထမ်းတို့က မည်သို့ဆက်ဆံရမည်ဆိုသော အချက်နှင့်ပတ်သက်၍ ရဲလက်စွဲ ဥပဒေထဲတွင် ဤသို့ ညွှန်ကြားထားသည်ကို သုတေသီများ အတွက် ကူးယူ ဖော်ပြလိုက်ပါသည်။

mgyoe.com

mgyoe.com

မည်သည့်ရဲအရာထမ်း အမှုထမ်းမဆို မိမိတို့၏ အချုပ်တွင် ရှိသူတစ်ယောက်ကို "အကြောင်းအခွင့်မရှိဘဲ" နာကျင်အောင် ပြုလုပ်လျှင် လည်းကောင်း၊ အရာရှိကို ရာဇဝတ်တရားသူကြီးက ပြစ်မှုထင်ရှား၍ သတ်မှတ်ရာတွင် သုံးလအထိ ထောင်ဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း (ဒဏ်နှစ်ရပ်စလုံး သော်လည်းကောင်း) စီရင်စေရမည်ဟု ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ ပုဒ်မ ၄၃ တွင် ပြဋ္ဌာန်းချက်ပါရှိသည်။ ထိုသို့ အရေးယူခြင်း မဟုတ်လျှင် ရာဇသတ်ကြီးအရလည်း တရားစွဲဆိုနိုင်သည်။ ခုခံခြင်းငှာ မစွမ်းနိုင်သော အကျဉ်းသားတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်းမှာ ရဲအဖွဲ့၏ဂုဏ်သတင်း နိမ့်ကျစေသော အပြုအမူဖြစ်၍ ၎င်းအပြုအမူ ပြုလုပ်ကျူးလွန်သူတို့ကို မည်သည့်နည်းနှင့်မျှ မညှာတာအပ်ပေ။ ၎င်း ညှဉ်းပန်းနှိပ်စက်သူသည် မည်သည့်အဆင့် အတန်းမျိုးနှင့်ပင် အမှုထမ်းရွက်နေသည်ဖြစ်စေ၊ ရာထူးမှ အမြဲတမ်း ထုတ်ပစ်ခြင်း၊ အပြစ်ဒဏ်ကို ခံရစမြဲ ဖြစ်စေရမည်၊ အချုပ်တွင် ရှိနေသူတို့ကို ကြည့်ရှုစောင့်ကြပ်ရာ၌ ရန့်ရင်းကြမ်းတမ်းခြင်းဖြင့် သို့မဟုတ် အနည်းငယ်မျှပင် နာကျင်အောင်ပြုခြင်းဖြင့် ရဲအဖွဲ့၏ နာမည်ပျက်စေမည့် အခြင်းအရာတို့ကို ရဲအရာထမ်း အမှုထမ်းတို့ အထူးကြိုးစားအားထုတ်၍ စောင့်စည်းကာကွယ်ကြရမည် (၁၃၈၀)။

ယင်းသို့ အက်ဥပဒေတွင်လည်းကောင်း၊ ရဲလက်စွဲတွင်လည်းကောင်း၊ မလိုလားအပ်သော အပြုအမူများဖြစ်ပါသည်ဟု တားမြစ်ထားသည်ကို တွေ့ရှိရပေသည်။ သို့သော် ရဲလက်စွဲဥပဒေ၌ အချုပ်သို့ ရောက်ရှိလာသူတို့အား ရိုက်နှက်ညှဉ်းပန်းခြင်းအမှု မပြုကြရန် တားမြစ်ချက်စကား ရပ်တွင် အနှောင့်မလွတ် အသွားမလွတ်သော စကားရပ်တစ်ခုကို သတိပြုမိ ပေသည်။ ထိုစကားရပ်မှာ "အကြောင်းအခွင့်မရှိဘဲ" ဆိုသော စကားရပ်ပင် ဖြစ်ပေသည်။ ထိုရဲလက်စွဲဥပဒေ၌ ဖော်ပြထားချက်သည်

mgyoe.com

mgyoe.com


အချုပ်၌ ရောက်ရှိလာသူအား နာကျင်အောင် ပြုလုပ်ခြင်းကို လေးလေးနက်နက် တားမြစ်ထားသော်လည်း ထိုစကားရပ်က ထိုတားမြစ်ချက်အပေါ် ပြန်လည်၍ စောဒက တက်ဖွယ်ဖြစ်သည်ဟု ထင်မိပါသည်။

"အကြောင်းအခွင့်မရှိဘဲ"ဆိုသော စကားရပ်ကြောင့် "အကြောင်းအခွင့်ရှိလျှင်" နာကျင်အောင် ပြုလုပ်နိုင်သည်ဆိုသော အဓိပ္ပာယ် သက်ရောက်စေသည်။ "အကြောင်းအခွင့်"ဆိုသည်မှာ ဘာကို ဆိုလိုသနည်း။ ဤနေရာတွင် တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက် ပြုသင့်သည်ဟု ထင်ပါသည်။ အသို့ကြောင့်နည်း၊ ထိုတားမြစ်ချက် ၁၃၈၀ တွင်ပင် "ခုခံခြင်းငှာ မစွမ်းနိုင်သော အကျဉ်းသားတို့ကို"ဆိုသော စကားရပ်ကိုလည်း အောက်တွင် တစ်ဆက်တည်း ဖော်ပြထားပြန်သည်။ ခုခံခြင်းငှာ မစွမ်းနိုင်သူအား မည်သည့်အကြောင်းအချက်က ပေါ်လာနိုင်သနည်း။

ရဲအချုပ်တွင် ရောက်ရှိနေသူ တစ်ဦးတစ်ယောက်သည် ရဲအား ပြန်လည်ခုခံရန်ဆိုသောအချက်သည် အလေးအနက်စဉ်းစားသင့်သော အခြေအနေဖြစ်လေသည်။ လက်ခုပ်ထဲကရေလို သွန်လိုသွန်၊ မှောက်လို မှောက် လုပ်နိုင်သူတို့၏ လက်တွင် ကျရောက်နေသူသည် အကြောင်းမဲ့ မစဉ်းစားမဆင်ခြင်ဘဲ ရဲအား အနှောင့်အယှက်ပြုရန် သို့မဟုတ် ခုခံရန် ဆိုသည်မှာ အလေးထား စဉ်းစားသင့်သည်ဟု ထင်သည်။ တရားခံဖမ်းဆီးစဉ် ခုခံသူများအား သီးခြားစဉ်းစားရမည့် ပြဿနာဖြစ်လေသည်။

ထို "အကြောင်းအခွင့်မရှိဘဲ"ဆိုသော စကားရပ်သည်ပင် အမှုပေါ်ပေါက်ရန်အတွက် ရဲအရာထမ်း အမှုထမ်းတို့က အကြောင်းအခွင့်တစ်ခုဖြစ်၍ ရိုက်နှက်စစ်ဆေးနိုင်သလိုလို၊ ခွင့်ပြုထားသလိုလို လိုရာ အဓိပ္ပာယ်ကို ဆောင်ယူနေသည်။ ထို့ကြောင့် ထိုစကားရပ်၏အဓိပ္ပာယ်ကို တိတိကျကျ ဖွင့်ဆိုထားရန် လိုအပ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

ရာဇသတ်ကြီးဥပဒေအရဆိုပါမူ ရှင်းပါသည်။ အရာထမ်း၊ အမှုထမ်း အရပ်သား မခွဲခြား၊ လူတစ်ဦးကို လူတစ်ဦးက နာကျင်အောင် ပြုလုပ်လျှင် ပြုလုပ်သူအား ၎င်းတို့ပြုလုပ်သည့် အတိုင်းအတာအရ အရေးယူ၍ အပြစ်ပေးခံရမည် ဖြစ်သည်။

mgyoe.com

mgyoe.com


ကျင့်ထုံးနည်းဥပဒေ အက်ဥပဒေလက်စွဲ စသည့် လိုက်နာရန် သတ်မှတ်ထားသည့် ဥပဒေများတွင်ပါရှိသော စကားရပ်များသည် လိုလျှင် လိုသလို ဆွဲ၍ အသုံးပြုနိုင်ရန်၊ မလိုလျှင် မလိုသလို အသုံးပြုနိုင်ရန် ရေးဆွဲထားခြင်းများသည် ကိုလိုနီသမားတို့၏ ပရိယာယ်သာ ဖြစ်သည်။ ထို ကိုလိုနီခေတ် ဥပဒေများအား မလွှဲမရှောင်သာသေးသော ကြောင့် ဆက်လက် အသုံးပြုနေရလင့်ကစား အထက်ပါ ရဲလက်စွဲ ဒုတိယတွဲတွင် လိုအပ်သလို အသုံးပြုနိုင်သည့် စကားရပ်မျိုးအား ပြုပြင်၍ တိကျသောဥပဒေ၏ ညွှန်ကြားမှုကို ပြုသင့်သည်ဟု ထင်မြင်မိပါသည်။

တရားခွင်မှ ကြုံးမိန့်များစာအုပ်နှင့် ပတ်သက်၍ ဥပဒေပညာရှင်တစ်ဦး၏ အမြင်ကိုလည်း ဖတ်ရှုလေ့လာနိုင်ရန် ဤစာအုပ်၌ပင် ထည့်သွင်း ဖော်ပြလိုက်ပါသည်။

**စာအုပ်ကောင်းတစ်အုပ်**

ဦးဝင်းမြင့်ကြီး (သတင်းထောက်ဝင်းမြင့်ကြီး) ရေးသားသည့် တရားခွင်မှ ကြုံးမိန့်များစာအုပ်သည် ဥပဒေပညာသင် ကျောင်းသူ ကျောင်းသားများနှင့် ရှေ့နေရှေ့ရပ် အလုပ်သင်များ လက်ကိုင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်ပါသည်။ အရေးကြီးသော သုံးသပ်ချက်များနှင့် စီရင်ချက်တို့ ပါရှိသဖြင့် ရှေ့နေကြီးများနှင့် တရားသူကြီးများအဖို့လည်း အသုံးဝင်လိမ့်မည်ဟု ယူဆပါသည်။

တရားဥပဒေသည် ပြည်သူတို့ နားလည်သိရှိမှ ပို၍ အစွမ်းထက်မည်၊ ထိရောက်မည်၊ ဥပဒေကို ပြည်သူနှင့် အကျွမ်းဝင်အောင် ဆောင်ရွက်ဖို့လိုသည်ဟု နိုင်ငံတော်တရားသူကြီးချုပ် ဒေါက်တာမောင်မောင်က မိန့်ကြားခဲ့ဖူးသည်။ ဤစာအုပ်သည် ဦးဝင်းမြင့်ကြီးက ပြည်သူတို့လက်ထဲသို့ ထည့်ပေးလိုက်သော လူသတ်မှုဆိုင်ရာ ဥပဒေသဘောတရားနှင့် လက်တွေ့စာအုပ် ဖြစ်လေသည်။

ဤစာအုပ်တွင် –

၁။ အစိုးရငှားပေးသော ရှေ့နေ၏ တာဝန်၊

mgyoe.com

mgyoe.com


၂။ ရဲအရာရှိများ၏ အခန်းကဏ္ဍ၊

၃။ ပထမ သတင်းပေးတိုင်ချက် အရေးကြီးပုံ၊

၄။ ဖြောင့်ချက် (တရားခံထွက်ဆိုချက်) ဆိုင်ရာကိစ္စ များ၊

၅။ ရာဇဝတ်မှုတွင် အရေးပါသော "တင်ကူးကြံစွယ်ချက် အဓိပ္ပာယ်"

၆။ လက်ရေးပါရဂူ၏ အလုပ်နှင့်လက်ရေးစာ၊

၇။ သက်သေအဖြစ် အစစ်ခံခြင်း မခံခြင်း၊

၈။ တရားတဘောင် စသည်မှ ဆုံးသည်အထိ ဖြစ်သည်။ ဆိုင်ရာကိစ္စများကို ဥပဒေအမြင်အရ စိတ်ဝင်စားဖွယ် ကောင်းသော အရေးအသားတင်ပြပုံဖြင့် ဖော်ပြထားပါသည်။ "အသက်တစ်ရာမနေရ၊ အမှုတစ်ရာ တွေ့နိုင်သည်"ဟူသော မြန်မာစကားပုံအရ လူတိုင်းဖတ်သင့်သော စာအုပ်တစ်အုပ်ဟု ဆိုချင်ပါသည်။

ဒေါက်တာမောင်မောင်ကျော်၊
တရားရုံးချုပ်ရှေ့နေကြီး၊
အမှတ် ၅၈၊ ဘားလမ်း၊ ရန်ကုန်မြို့။

ကျွန်တော့်အဖို့ စာဖတ်ပရိသတ်လက်တွင်းသို့ ရောက်ပြီးခဲ့သော စာအုပ်နှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေးကြသည့် စာဖတ်ပရိသတ်အား ဤမျှနှင့်ပင် ပြန်လည်နှစ်သိမ့်အပ်ပါသည်။

သတင်းထောက်ဝင်းမြင့်ကြီး

❖

mgyoe.com

mgyoe.com

# ၁

**မိသားစုဘဝ သို့မဟုတ် နောက်ခံဇာတ်လမ်း**

အာဏာနှင့်ငွေ နောက်ခံဇာတ်လမ်းဖြစ်သော သူဌေး ဦးဟုတ်ကြိုင် အသတ်ခံရမှုတွင် ဦးဟုတ်ကြိုင် ဘယ်သို့ အသတ်ခံရသည်၊ ဘယ်သူတွေ သတ်ပစ်ကြသည်၊ အမှုစုံစမ်းထောက်လှမ်းရာ၌ ဘာတွေ တွေ့ကြုံကြရသည်၊ တရားခွင်သို့ ဘယ်လိုစွဲချက်တင်ခဲ့သည်၊ တရားရုံးတွင် ဘာတွေဖြစ်ခဲ့သည်ဆိုသော စိတ်ဝင်စားဖွယ်ကောင်းလှသည့် တကယ့်အဖြစ်အပျက်ဇာတ်လမ်းကို မတင်ပြမီ လူမှုရေးအသိုင်းအဝိုင်း အတွင်း၌ ဦးဘိုးလှ၏မယားများ၊ သားသမီးများ၏ မိသားစုဘဝကို ရှေးဦးစွာ သိထားဖို့လိုသည်ဟု ထင်ပါသည်။ သူတို့မိသားစု ဘဝအခြေအနေသည် ဦးဘိုးလှလက်ထက်တွင် မည်သို့နေထိုင်ကြသည်။ ဦးဘိုးလှ သေဆုံးသွားပြီးနောက်တွင် အခြေအနေ မည်သို့ ပြောင်းလဲလာကြသည် များသည် ဦးဟုတ်ကြိုင် အသတ်ခံရမှုနှင့် ဆက်စပ်ကောင်း ဆက်စပ်ပေမည်။ ထို့ကြောင့် မိသားစုဘဝ သို့မဟုတ် နောက်ခံဇာတ်လမ်းအစကို ရှေးဦးစွာ ဖော်ပြရပေမည်။

mgyoe.com

mgyoe.com


ဦးဘိုးလှသည် ရန်ကုန်မြို့၊ မောင်ခိုင်လမ်း၊ အမှတ် ၂၇ တွင် နေထိုင်သူတစ်ယောက်ဖြစ်၍ ၎င်း၏လုပ်ငန်းအဝဝကို ဆောင်ရွက်ရန် ဦးပျော့ဆိုသူအား လွှဲအပ်ထားသည်။ ကိုယ်စားလှယ်ဦးပျော့၏အဆိုအရ အရပ်ရပ် ပစ္စည်းများနှင့် အတွင်းပစ္စည်းများပါဆိုလျှင် သိန်း ၄၀၊ ၅၀ ချမ်းသာကြွယ်ဝသည့် သူဌေးတစ်ဦးဖြစ်သည်ဟု ဆိုရပေမည်။

အင်္ဂလိပ်ခေတ်မှစ၍ စပါးအရောင်းအဝယ်လုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်ခဲ့သူတစ်ယောက် ဖြစ်သည်။ ဦးပျော့မှာ ဒေးဒရဲဘက်တွင် ဦးဘိုးလှ၏ အရောင်းအဝယ်လုပ်ငန်းကို ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရာမှ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ဦးဘိုးလှ၏ ကိုယ်စားလှယ်ကြီးတစ်ယောက် ဖြစ်လာရခြင်းဖြစ်သည်ဟု ဦးပျော့၏အလိုအရ ပေါ်လွင်သည်။

ဦးဘိုးလှတွင် အိမ်ထောင် ၄ ဆက်ရှိ၍ ပထမအိမ်ထောင်မှာ ဒေါ်ငွေနုဖြစ်သည်။ ဒေါ်ငွေနုမှာ ဦးဘိုးလှ၏ ကိုယ်စားလှယ် ဦးပျော့၏ အဒေါ်တစ်ဝမ်းကွဲတော်စပ်သည်။ သူ့တွင် ဦးဘိုးလှနှင့် အကြောင်းပါသော်လည်း သားသမီးမရဘဲ သေဆုံးသွားသည်။

ဒုတိယဇနီးမှာ ဒေါ်လှဖြစ်သည်။ ဦးဘိုးလှနှင့် ပေါင်းသင်းနေထိုင်ရာမှ သား ကိုဟုတ်ကျော်၊ ကိုဟုတ်ကြိုင်နှင့် သမီး မစန်းရင်တို့ မွေးဖွားခဲ့လေသည်။

ဦးဘိုးလှ၏ တတိယဇနီးမှာ ဒေါ်စွမ်တီဖြစ်သည်။ သူ့တွင် သား ကိုချစ်တီး၊ သမီး မရကီး နှစ်ယောက်မွေးဖွားပြီးနောက် သေဆုံးသွားလေသည်။

စတုတ္ထဇနီးမှာ ဒေါ်နုဖြစ်၍ သားကိုမှတ်ကြီးတစ်ယောက် မွေးဖွားသည်။ ဦးဘိုးလှသည် မောင်ခိုင်လမ်းတိုက်တွင် လက်ရှိ ဇနီးများဖြစ်သည့် ဒေါ်လှ၊ ဒေါ်နုတို့အပြင် သားသမီးများနှင့်အတူ နေထိုင်သည်။

သားကြီး ကိုဟုတ်ကျော် အိမ်ထောင်ပြုသွားပြီးနောက် ၁၉၄၅၊ ၄၆ ခုနှစ်အတွင်းတွင် ကိုဟုတ်ကြိုင်သည် ဖူးစာရှင်အိမ်ထောင် တွေ့ခဲ့သည်။ သူ၏ချစ်ဇနီးမှာ ဦးစိုးတင်၏သမီး ဒလသူ မအမာဖြစ်သည်။ မိဘများ၏ မောင်ခိုင်လမ်း တိုက်အပေါ်ဆုံးထပ်၌ ကိုဟုတ်ကြိုင်တို့

mgyoe.com

mgyoe.com


ဇနီးမောင်နှံအတူ နေကြပြီး ဦးဘိုးလှနှင့် ဇနီး ဒေါ်လှ၊ ဒေါ်နုတို့သည် အလယ်ထပ်တွင် အတူတကွ နေထိုင်ကြသည်။ ကိုဟုတ်ကြိုင်နှင့် မအမာ အိမ်ထောင်ပြုကြစဉ်က မအမာ၏အသက်မှာ ၁၆ နှစ်သမီး သာသာပင် ရှိသေး၍ ကိုဟုတ်ကြိုင်မှာ မအမာထက် လပိုင်းမျှသာ ကြီးသူ တစ်ယောက် ဖြစ်သည်။

ငယ်ရွယ်သူတို့ဘာဝအရ သွားအတူ လာအတူ စားအတူဖြင့် ချစ်ချင်ခင်ခင်၊ ကြင်ကြင်နာနာ နေကြစဉ် မိဘများနှင့် တလုံးတစည်း တည်း နေထိုင်ကြသောကြောင့် သူတို့၏ အိမ်ထောင်စုသည် ငယ်ရွယ်သူ တို့ ဘာဝအရ သွားအတူ လာအတူ စားအတူနေခဲ့သည်။

ဦးဘိုးလှသည် ၁၉၅၅ ခု၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကွယ်လွန်သွားသောကြောင့် ဇနီးနှစ်ယောက်နှင့် ကျန်ရစ်သော သားသမီး များက ၉ မိုင် တရုတ်သင်္ချိုင်းတွင် ဂူသွင်းသင်္ဂြိုဟ်လိုက်ကြလေသည်။

ဦးဘိုးလှကား သေဆုံးသွားပြီဖြစ်၍ သူ့ဘဝ အေးငြိမ်းသွား သော်လည်း မိဘအုပ်ထိန်းမှုအောက်တွင် နေထိုင်လာကြသော သမီးများ နှင့် ကျန်ရစ်သည့် ဇနီးနှစ်ယောက်တို့မှာ ဦးဘိုးလှ ရှာဖွေထားရစ်ခဲ့သည့် ပစ္စည်းဥစ္စာများအတွက် အမွေခွဲဝေမှုပြဿနာ ဝင်လာကြလေသည်။

ကိုဟုတ်ကျော်မှာ ဦးဘိုးလှ၏ သားသမီးများထဲတွင် အကြီးဆုံး သားဖြစ်၍ ဖခင်ကွယ်လွန်သွားပြီးနောက် ကျန်ရှိသော လုပ်ငန်းအဝဝနှင့် ဥစ္စာပစ္စည်းများကို ၎င်းကို လွှဲအပ်ရန် မိသားစု ညီအစ်ကို မောင်နှမတို့ထံ တင်ပြလာသည်။ ကိုဟုတ်ကျော်၏တင်ပြချက်ကို ဒေါ်လှ၊ သား ကိုဟုတ်ကြိုင်၊ ဒေါ်နုနှင့် သား ကိုမှတ်ကြီး၊ ဒေါ်စွမ်တိ(သေသူ)၏ သားသမီးများဖြစ်ကြသည့် ကိုချစ်တီးနှင့် မရကီးတို့က သဘောမတူနိုင် ကြောင်း၊ ဤကျန်ရစ်သော ပစ္စည်းအဝဝကို ခွဲဝေယူရန် ပြောဆိုကြရာမှ သူတို့မိသားစု၏ အတွင်းရေးသည် အမွေမှုပွေလာသဖြင့် စိတ်ဝမ်းကွဲပြား လာကြသည်။ ထို အမွေပြဿနာသည် မိသားစုအတွင်း ဖြေရှင်း၍မရ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် ကြားဝင်ဖြေရှင်းပေးလည်း လက်မခံ ၍ နောက်ဆုံး တရားရုံးတော်သို့ ရောက်ရှိလာရတော့သည်။

သားကြီး ကိုဟုတ်ကျော်က တရားလိုပြုလုပ်၍ ဝတ်လုံ ဦးအေး

mgyoe.com

mgyoe.com


မောင်၊ မွန်စံလှိုင်တို့အား ငှားရမ်းပြီး အမွေခွဲဝေမှုတရားကို စွဲဆိုခဲ့သည်။ တရားပြိုင်များအဖြစ် ဒေါ်လှနှင့် ကိုဟုတ်ကြိုင်တို့က ဝတ်လုံ ဦးဘဆွေအား ငှားသည်။ ဒေါ်နုနှင့်သား ကိုမှတ်ကြီး၊ ကိုချစ်တီး၊ မရကီးတို့က ဝတ်လုံ ဦးရန်အောင်ကို ငှား၍ ထုချေကြသည်။ အမှုဖြစ်နေစဉ်မှာပင် ဒေါ်လှက သူ့သား ကိုဟုတ်ကြိုင်ကို သူ့ကိုယ်စားလှယ်အဖြစ် လွှဲစာပေး၍ ဒေါ်နုတို့ လူစုကမူ မူလ ဦးဘိုးလှ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည့် ဦးပျော့ကိုပင် ကိုယ်စားလှယ်အဖြစ် လွှဲကြသည်ဟု ဦးပျော့၏ အဆိုအရ ပေါ်လွင်သည်။

ဦးဘိုးလှ သေဆုံးသွားပြီးနောက်ပိုင်းတွင် ကိုဟုတ်ကြိုင်၏ မိသားစုအတွက် တစ်လငွေ ၅၀၀ ကျပ်ရရှိရာမှ တစ်လကျပ် ၁၀၀၀ အထိပေးရန် ကိုဟုတ်ကြိုင်က တောင်းဆိုလာသည်ကို ဒေါ်နုတို့လူစုက ကန့်ကွက်ခဲ့ကြသည်။ ကိုဟုတ်ကြိုင်နှင့် အတူနေခဲ့သော ဒေါ်လှကိုလည်း ကိုဟုတ်ကျော်က ၎င်းနေသည့် အင်းယားလမ်းတိုက်သို့ ခေါ်ထားသည့်အပြင် ကိုဟုတ်ကြိုင် တောင်းဆိုသော တစ်လ ၁၀၀၀ ကျပ်ငွေကိုလည်း ထုတ်ပေးခဲ့သောကြောင့် ဒေါ်လှနှင့် ကိုဟုတ်ကြိုင်တို့သည် တရားပြိုင်ဘဝမှ တရားလိုဘက်သို့ ကူးပြောင်းသွားသည်ဟု ဦးပျော့ အဆိုအရ သိရသည်။

ဦးဘိုးလှ၏ ကျန်ရစ်သောပစ္စည်းများက သိန်း ၄၀ နှင့် ၅၀ ကြားတွင် ရှိ၏။ သာမန်ကျန်ရစ်သော ဥစ္စာပစ္စည်းဆိုပါကလည်း ကျန်ရစ်သူများအတွက် ဤမျှ အငြင်းပွားရန်အကြောင်းရှိမည်မထင်။ ယခုတော့မူ အတွင်းပစ္စည်းများအပြင်တွင်လည်း ဆန်စက်များမှာ ရန်ကုန်နှင့်အနီးတစ်ဝိုက်တွင် ရှိနေသောကြောင့် ထိုပစ္စည်းများ ခွဲဝေယူကြရန်မှာ တစ်ဦးအပေါ်တစ်ဦး သံသယသော်လည်းကောင်း သို့မဟုတ် ခွဲဝေမှုပေါ် မကျေနပ်၍သော်လည်းကောင်း၊ ဖြစ်နိုင်သောကြောင့် ဤအမွေမှုကြီးသည် တရားလွှတ်တော်၏ တရားခွင်သို့ ရောက်ရှိလာရသည်။

ဤကား ဦးဘိုးလှရှိစဉ်မှ ဦးဘိုးလှ ကွယ်လွန်ပြီးနောက် ကျန်ရစ်သော ဇနီးများနှင့် သားသမီးများ၏ ဖြစ်ပျက်မှုအကြောင်းခြင်းရာ

mgyoe.com

mgyoe.com

နောက်ခံဇာတ်လမ်းပင် ဖြစ်ပေသည်။ အမွေမှုမှာ ဤတစ်မှုသာမဟုတ်သေး။ ဦးဟုတ်ကြိုင် အသတ်ခံရမှုကို တရားခွင်တွင် တင်၍ စစ်ဆေးနေစဉ်မှာပင် ထပ်ဆင့်လာသည့် အဖြစ်အပျက်များကိုကား နောက်ပိုင်းဖော်ပြချက်များတွင် တွေ့ရှိရမည် ဖြစ်ပါသည်။

❖

mgyoe.com

mgyoe.com

၂

## မြို့တော်ရန်ကုန်နှင့် ညနေဆည်းဆာ

ရာသီစက်ဝန်းကား အေးချမ်းသည့် ဆောင်းရာသီအတွင်းမှာ နေခြည်ရောင်က ဖျော့လာသည်။ တိမ်ရောင်တိမ်သွေးက နုနုထွေးထွေး မြို့တော်၏ညနေဆည်းဆာမှာ သဘာဝနှင့်ပသာဒများ ခြယ်မှုန်းထားသောကြောင့် ကြွ၍ ရွ၍ လှနေသည်။ လွှစ္စလမ်း ဆိပ်ကမ်း ရေဝန်ပန်းခြံမှာ စွတ်စိုထိုင်းမှိုင်းခြင်းကင်း၍ မြက်ခင်းပြင်များက စိမ်းလန်းစိုပြည်လျက် ရှိသည်။

ပန်းခြံကို ဖင်ပေး၍ ရပ်လိုက်သည့် အမိုးအဖြူရောင် ခြယ်သထားသော အိုပယ်လ်ကားပေါ်မှ မိသားစုလေးယောက် ဆင်းလာသည်။ ကလေးငယ်နှစ်ယောက်မှာ လက်ကိုဝှေ့ယမ်း၍ ဆိပ်ကမ်းဘက်ဆီသို့ ပြေးသွားကြသည်။ ကလေးနှစ်ယောက် ပြေးသွားရာသို့ ဇနီးမောင်နှံက ဖြည်းဖြည်းလျှောက်၍ လိုက်သွားကြသည်။ သူတို့မိသားစုသည် ညနေတိုင်းလိုလို ညနေဆည်းဆာအချိန်ကို ရောက်သည့်အခါ ဤဆိပ်ကမ်းသို့ ရောက်ရှိလာကြပြီး ပင်လယ်ပြင်မှ တိုက်ခတ်လာသော လေကောင်း

mgyoe.com

mgyoe.com


လေသန့်များကို ရှူရင်း ညဆည်းဆာအချိန်အထိ နေကြသည်ကို အနီး အနားတစ်ဝိုက်မှ ကွမ်းယာဆေးလိပ် ပဲလှော်ရောင်းသည့် ကုလားများ နေ့စဉ် မြင်တွေ့ကြရ၍ မှတ်မိနေသည်။ ရန်ကုန်ဆိပ်ကမ်းမှ ဒလဆိပ် ကမ်းသို့ မကြာခဏ ကူးသွားတတ်ကြသောကြောင့်လည်း သမ္ဗန်သမား များနှင့်လည်း မိတ်ဆွေရင်းချာလို နေကြဟန်ရှိသည်။

ယောကျ်ားက ဖြူဖြူဖွေးဖွေး အရပ်ပုသည်ဟု ထင်ရသည်။ အမျိုးသမီးမှာ ကလေးနှစ်ယောက်မိခင်ဖြစ်သော်လည်း သူ၏အလှမှာ ထည်ဝါလျက် ရှိနေသည်။ အသားညိုချောဟုဆိုရသော်လည်း သူ၏ အသားမှာ တိမ်ရောင်တောက်၍နေသော သဘာဝအလှအောက်တွင် ဝင်းဝါလျက်ရှိသည်ဟု ထင်ရသည်။ မျက်ခုံးမျက်လုံးများကလည်း မိန်းမချောတစ်ယောက်ဖြစ်ကြောင်း ပေါ်လွင်သည်။ ကိုယ်ခန္ဓာအချိုး အစားမှာ ပြေပြစ်၍ လှသည်။ သူတို့ ဇနီးမောင်နှံသည် ကလေးနှစ်ဦး ကစားနေသည့် နေရာအနီးတွင်ပင် ဝင်ထိုင်၍ စကားပြောနေကြလေ သည်။

နိုင်ငံခြားသင်္ဘောကြီးများတွင် ညဂိုဏ်းအလုပ်ဆင်းရမလားဟု တစ်နေကုန် လာစောင့်နေရှာသည့် အလုပ်သမားများထဲမှ အချို့ အလုပ်ဆင်းရမည့်စာရင်းတွင် မပါကြ၍ ဆိပ်ကမ်းကျောက်ခုံပေါ်တွင် စိတ်ပျက်နွမ်းနယ်စွာ ငေးငိုင်နေကြသည်များလည်း ရှိလေသည်။ သူတို့ ဘဝကား ညဂိုဏ်းဆင်းရပါမှ နောက်တစ်နေ့ သူ့မိသားစုဝမ်းရေးကို ဖြေရှင်းပေးနိုင်ကြမည့်ဘဝ မဟုတ်ပါလား။

မြို့တော်၏ ညနေဆည်းဆာအလှအောက်တွင် ရောက်နေကြ သော သူများသည် လူချင်းတူသော်လည်း သဘာဝအလှအာရုံကို ခံစားပုံချင်း မတူညီကြပါ။ ပျော်ရွှင်ချမ်းမြေ့ခြင်း၏ စိတ်အာရုံကို ခံနေကြ သူများရှိနေသလို ဆည်းဆာ၏အလှကို သတိမရ၊ ဆည်းဆာ၏သာယာ မှု စိတ်အာရုံကို မခံစားနိုင်သည့်သူများလည်း ထိုဆိပ်ကမ်း၌ ရောပြွမ်းရှိ နေကြသည်။

ညဉ့်နက်ပိုင်းသို့ ရောက်ရှိလာသည့်အခါ ထိုဆိပ်ကမ်းနှင့် ပန်းခြံ မှာ ညဉ့်ငှက်များ၏ ခိုအောင်းရာလည်း ဖြစ်ပါ၏။ ညပတ္တာရောင်များပင်

mgyoe.com

mgyoe.com


မကြာခဏ ဝင်ရောက်၍ ညဥ့်ငှက်များအား ရှင်းလင်းပစ်ကြရသည်။ ညနေဆည်းဆာနှင့် ညဥ့်နက်ပိုင်းသည် အချိန်ကာလပြောင်း၍ အလင်းအမှောင် ခြားထားသလို လူတို့အဖို့လည်း လူတန်းစားအလိုက် ထိုနေရာဒေသကို အသုံးပြုနေကြခြင်းလည်း ဖြစ်ပေသည်။

ယခင် ကိုလိုနီခေတ်ကဆိုလျှင်မူ ထိုဆိပ်ကမ်းမှာ ပခုံးထမ်းအလုပ်ကို တမျှော်မျှော်စောင့်စားရင်းက အကျင့်စာရိတ္တ ပျက်ပြားကာ သူခိုးဘိန်းစား ဘဝရောက်ခဲ့ရသည့် အလုပ်သမားများ၏ မမေ့နိုင်သည့် မှတ်တမ်းဝင် ဆိပ်ကမ်းတစ်ခုလည်း ဖြစ်ခဲ့ပါ၏။ သင်္ဘောကြီးကုန်တင်ကုန်ချလုပ်ငန်းကို အကြောင်းပြု၍ ကုလားဗမာတိုက်ပွဲစခဲ့ရသော ဆိပ်ကမ်းဆိုလျှင်လည်း မမှားနိုင်ပါ။

ယနေ့ ထိုဆိပ်ကမ်းသည် ငွေကြေးတတ်နိုင်သူအဖို့ အပန်းဖြေနားနေစရာဖြစ်သော်လည်း နေ့လုပ်နေ့စား အလုပ်သမားများနှင့် ဆိပ်ကမ်းကို မှီ၍ အသက်မွေးဝမ်းကျောင်း ပြုကြရသည့် သမ္မန်သမားများအဖို့ အလုပ်စခန်းတစ်နေရာမျှသာ ဖြစ်လေသည်။

ထိုဆိပ်ကမ်းသည်ပင် အာဏာနှင့်ငွေ ဇာတ်လမ်းစရာ အခြေခံစခန်း ဖြစ်ခဲ့ရလေသည်။

❖

mgyoe.com

mgyoe.com

# ၃

၁၉၅၆ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက်ချိန် –

ထိုနေ့သည်ကား တနင်္ဂနွေဖြစ်သောကြောင့် ကိုဟုတ်ကြိုင်တို့ မိသားစုသည် ဒလဘက်သို့ အလည်သွားရန် စီစဉ်ထားပြီးဖြစ်၍ ခရီးထွက်ရန် ပြင်ဆင်နေကြစဉ် ကိုဝင်းလှရောက်လာသည်။ သူရောက်လာသည်မှာ ကိုဟုတ်ကြိုင်အား ဆေးထိုးပေးရန်အတွက် ဖြစ်သော်လည်း ကိုဟုတ်ကြိုင်က သူတို့အစီအစဉ်အရ –

"ဒီနေ့ ဆေးမထိုးတော့ဘူး၊ ဒလဘက်ကို ကျွန်တော်တို့ သွားလည်ကြမလို့၊ ဒလကို ကိုဝင်းလှ ရောက်ဖူးသလား"

"မရောက်ဖူးဘူး"

"ဒီလိုဆို အဆင်သင့်ပဲ လိုက်ခဲ့ဗျာ၊ ကျွန်တော်တို့ ဟိုဘက်ကမ်းမှာ ထမင်းစားဖို့ စီစဉ်ထားတယ်"

အဆင်သင့် ဖြစ်ကြသည့်အချိန်မှာ နံနက် ၉ နာရီဖြစ်သည်။ ကားမှာလည်း တိုက်ရှေ့တွင် အသင့်စောင့်နေသောကြောင့် ကိုဟုတ်ကြိုင်က သမီး နုနုရီ၊ စမ်းစမ်းရီ၊ ညှော်သည်မိတ်ဆွေ ကိုဝင်းလှတို့သည်

mgyoe.com

mgyoe.com


ဒလဘက်သို့ကူးရန် ထွက်လာကြသည်။ ကိုဟုတ်ကြိုင်မှာ ခရီးသွားသည့် အခါ ခြေစောင့်လက်စောင့် သူ့အမြဲကိုင်ဆောင်နေကြ ခြောက်လုံးပြူး သေနတ်ကို ယူလာသည်။ ထိုနေ့က သက္ကလတ်အစိမ်းရောင် ဘောင်းဘီ ရှည်ကို ဝတ်ထားလေသည်။ လွစ္စလမ်းဆိပ်ကမ်းသို့ ရောက်သည့်အခါ–

"ခင်ဗျား... အိမ်ပြန်ထမင်းစားပြီး မွန်းလွဲ နှစ်နာရီလောက် ဒီ ဆိပ်ကမ်းမှာ လာစောင့်ပါ"

ကိုဟုတ်ကြိုင်က သူ့ဒရိုင်ဘာ စောပီတာကို မှာခဲ့ပြီး သမ္ပန်နှင့် ဒလဘက်သို့ ကူးလာကြသည်။ ဒလအံ့ကြီးရွာတွင်ရှိသော အမွေဆိုင်ပိုင် ဆန်စက်မှ တံတေကုလား ဂျော်နာအဖာဒင်အိမ်သို့ ရောက်သည့်အခါ ကြိုတင်စီစဉ်ထားသည့်အတိုင်း အဆင်သင့်ဖြစ်နေသည့် ထမင်းဟင်းများ ကို သူတို့မိသားစုနှင့် ဧည့်သည်ကိုဝင်းလှပါ မြိန်ရေရှက်ရေစားကြသည်။ ထမင်းစားသောက်ပြီး ကလေးတွေက စက်ဝင်းထဲ၌ ကစားနေကြသဖြင့် လူကြီးများကလည်း ဂျော်နာအဖာဒင်အိမ်၌ တအောင့်တနား အပန်းဖြေ၍ နားကြသည်။ သူတို့မိသားစုနှင့် ကိုဝင်းလှတို့သည် မွန်းလွဲ ၁၂ နာရီကျော် ၁ နာရီခန့်တွင် ရန်ကုန်ဘက်သို့ ပြန်ကူး၍ ထွက်လာကြစဉ် လမ်းတွင် အံ့ကြီးရွာသူကြီးနှင့်တွေ့၍ –

"လာလည်ကြသလား"

"ဟုတ်တယ်... ဒီမှာပဲ မနက်စာစားကြတယ်လေ"

ကိုဟုတ်ကြိုင်နှင့် သူကြီး ဦးစိုးတို့ နှုတ်ဆက်စကား ပြောဆိုပြီးမှ ဒလဆိပ်ကမ်းမှ သမ္ပန်နှင့် ရန်ကုန် လွစ္စလမ်းဆိပ်ကမ်းသို့ ပြန်ကူးလာကြ သည်။ ရေပြင်ပေါ်မှ တိုက်ခတ်လာသောလေမှာ သန့်ရှင်းလတ်ဆတ်၍ အားရပါးရ ရှူရှိုက်ကြရင်း ဧည့်သည်မိတ်ဆွေ ကိုဝင်းလှနှင့် ဒလရွာ အကြောင်း ပြောဆိုလာကြသည်မှာ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်မိ သည် အထိပင်။

ဒရိုင်ဘာစောပီတာမှာ ကားနှင့် အသင့်ကြိုစောင့်နေသည်။ သူ့ဌေး မိသားစုနှင့် ဧည့်သည်မိတ်ဆွေ ကိုဝင်းလှ ကားပေါ်ရောက်ကြ သည့် အချိန်မှာ –

"ရုပ်ရှင်ကြည့်ကြမယ်ဆို ဘာကားကြည့်ကြမလဲ"

mgyoe.com

mgyoe.com


"ဗမာကားတွေကလည်း အဟောင်းနဲ့ ကြည့်ပြီးသားချည်းပဲ၊ ကုလားကား ကြည့်ရအောင်"

ကိုဟုတ်ကြိုင်၏အမေးကို မအမာက ဤသို့ ဖြေလိုက်သည်။ ကိုဟုတ်ကြိုင်တို့ မိသားစု တင်ဆောင်လာသည့် အိုပယ်လ်ကားမှာ ပန်းဆိုးတန်း၊ ဆူးလေဘုရားလမ်းနှင့် ဂျူတီရုံဘက်သို့ လှည့်ပတ်၍ ကုလားရုပ်ရှင်ကားများ၏ ကြော်ငြာပိုစတာများကို ကြည့်ကြသေးသည်။ နောက်ဆုံးတွင် ရောက်စီရုံမှ ကုလားကားကြည့်ရန် အားလုံးသဘောတူကြ၍ ရောက်စီရုံအနီး ရွှေဗမာလက်ဖက်ရည်ဆိုင်ရှေ့၌ ကားကို ရပ်လိုက်သည်။ ကိုဟုတ်ကြိုင်ကပင် ပိုက်ဆံထုတ်ပေးပြီး –

"ကဲ ... ကိုဝင်းလှကပဲ လက်မှတ်ဝယ်ဗျာ"

ကိုဟုတ်ကြိုင်လက်ထဲမှ ပိုက်ဆံကို လှမ်းယူပြီး ရုပ်ရှင်လက်မှတ်ဝယ်ရန် ကိုဝင်းလှ ဆင်းသွားလေသည်။ ရုပ်ရှင်ကြည့်ကြမည့်အချိန်မှာ ၃ နာရီခွဲ ပွဲဖြစ်၍ ညနေ ၆ နာရီခန့် ပြီးသည်။ ကုလားကား ဖလင်ပေရှည်၍ အချိန်ကြာသည်ကို မကြာခဏ ကုလားကားများ ကြည့်ဖူးသောကြောင့် နားလည်ပြီးသားဖြစ်သည်။ ရုပ်ရှင်ကြည့်ရန်အချိန်မှာ စောနေသေး၍ ရွှေဗမာလက်ဖက်ရည်ဆိုင်သို့ဝင်ကာ လက်ဖက်ရည် သောက်ကြသည်။

"ခင်ဗျား... ဒီကို ၅ နာရီခွဲသာသာ လာစောင့်ပါ"

"ဟုတ်ကဲ့"

ကိုဟုတ်ကြိုင်တို့မိသားစုနှင့် ကိုဝင်းလှတို့ ရုပ်ရှင်ဝင်ကြည့်ကြသည်။ ရုပ်ရှင်လက်မှတ်များကို ကိုဝင်းလှပင် အပေါက်စောင့်အားပေး၍ တစ်ဝက်ကို သူပဲပြန်ယူ၍ အိတ်ထဲထည့်ထားလိုက်သည်။ ကိုဟုတ်ကြိုင်တို့ ရုပ်ရှင်ကြည့်ချိန်မှာ ဒရိုင်ဘာစောပီတာအဖို့ သူသွားလိုရာသို့ လွတ်လွတ်လပ်လပ် သွားနိုင်ခဲ့ပြန်သည်။ သူတို့အားလုံး ရုပ်ရှင်ကြည့်ကြသည်မှာ တစ်ကျပ်ခွဲတန်းမှ ဖြစ်လေသည်။

ရန်ကုန်မြို့ကား ညနေပိုင်းသို့ ရောက်လာပြီဆိုပါက အပုပ်ချိန်ပိုင်းသို့ ကူးပြောင်းလာပြီဟု ပြောစမှတ်ပြုကြသည်။ ညနေပိုင်းသို့ ရောက်ရှိလာသည့်အခါ ဆယ့်နှစ်ရာသီ လူမပြတ်သည့် အရက်ဆိုင်များ

mgyoe.com

mgyoe.com


တွင် ပို၍ လူစည်ကားလာသည်။ ဟိုတယ်လောဂျင်းများမှာလည်း လူဝင် လူထွက်များလာသလို မကောင်းသည့် ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည့် ဇေဟာတို့မှာလည်း လူဝင်လူထွက် အဆင်းအတက် ပို၍ ရှုပ်ထွေးလာသောအချိန် ဖြစ်သည်။

ဖရေဇာလမ်းတစ်လျှောက်ရှိ ညဈေးတန်းမှာလည်း ဝယ်သူနှင့် ရောင်းသူများမှာ ပြည့်နှက်စည်ကားလာသည်။ ထိုအချိန်တွင် အရက်မူး ၍ အချင်းချင်းရိုက်နှက်ခြင်း၊ ပြည့်တန်ဆာအိမ်များမှ မှုခင်းများ၊ မကောင်းမှုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကြသော ခါးပိုက် နှိုက်မှုများ၊ လုယက်မှု၊ လူပြန်ပေးမှု၊ ဓားပြမှု၊ လူသတ်မှုများသည် အများ ဆုံး ဖြစ်လေ့ဖြစ်ထရှိသည့် အချိန်လည်း ဖြစ်လေသည်။

ရပ်ကွက်ထဲ၌ နေထိုင်သူတို့မှာလည်း ထိုအချိန်များတွင် မိမိနေအိမ်သို့ ပြန်ရောက်ကြပြီဖြစ်၍ အဆင်မသင့်၍ ဖြစ်ကြရသည့် အိမ်နီးနားချင်း ခိုက်ရန်ဖြစ်ပွားမှုများသည်လည်း ရံဖန်ရံခါ ဖြစ်တတ်လေ သည်။

နေ့အချိန်ပိုင်းတွင် တစ်နေကုန် ဝမ်းရေးအတွက် ပြေးလွှား လုပ်ကိုင်ကြရသူများ၊ အစိုးရရုံးများနှင့် ဘုတ်ကော်ပိုရေးရှင်းများတွင် လခစား လုပ်ကိုင်ကြရသူများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းနှင့် အခစားဝင် လုပ်သူတို့သည် ညနေ ၄ နာရီ၏နောက်ပိုင်းတွင် လုပ်ငန်းခွင်မှ လွတ်လွတ်လပ်လပ် ထွက်ခွာလာခွင့်ရကြသောကြောင့် အပျော်အပါး အားကစားဝါသနာပါကြသူများလည်း ကိုယ်ကြိုက်နှစ်သက်ရာ အပျော်အပါး အားကစားနှင့် ဆက်၍ အချိန်ဖြုန်းကြသည့်အချိန် ဖြစ်သောကြောင့် ထိုအချိန်ကို ရန်ကုန်ရဲအဖွဲ့မှ ဝါရင့်သည့် ရဲအရာထမ်း၊ အမှုထမ်းတို့က ရန်ကုန်၏ အပုပ်ချိန်ဟုလည်း သတ်မှတ်ထားကြလေ သည်။

ညနေ ၆ နာရီထိုးခဲ့လေပြီ။

ရုပ်ရှင်ရုံရှေ့များတွင် ၃ နာရီခွဲပွဲ ကြည့်ပြီး၍ ထွက်လာကြသူများ နှင့် ၆ နာရီခွဲ ကြည့်ရန် နေကြသူများလည်း ရုတ်ရုတ်သဲသဲ ဖြစ်လာကြသည်။ ကိုဟုတ်ကြိုင်တို့လူစုမှာ ၆ နာရီခွဲပွဲပြီး၍

mgyoe.com

mgyoe.com


ထွက်လာကြပြီး အသင့်စောင့်နေသော ကားပေါ်သို့ တက်လိုက်ကြသည်။

"မုန့်ဟင်းခါးသွားစားကြရအောင်၊ မကောင်းဘူးလား"

ကိုဟုတ်ကြိုင်၏အမေးကို အားလုံး သဘောတူလက်ခံလိုက်သောကြောင့် –

"ရွှေတောင်တန်းကို မောင်းပါ"

သူတို့အားလုံး အိုပယ်လ်ကား၏သယ်ဆောင်ရာ ရွှေတောင်တန်းသို့ရောက်လာပြီး နာမည်ကြီး ရွှေတောင်တန်းမှ မုန့်ဟင်းခါး ဝင်စားကြသည်။ ပြီးမှ လေညင်းခံရန်အတွက် လွှစွလမ်းဆိပ်ကမ်းသို့ ကားနှင့်ပင် ထွက်လာကြသည်။ ကားရှေ့ခန်း၌ ဒရိုင်ဘာ စောပီတာနှင့် ညှိသည်မိတ်ဆွေ ကိုဝင်းလှတို့ ထိုင်၍ ကိုဟုတ်ကြိုင်တို့ ဇနီးမောင်နှံနှင့် သားသမီးများက နောက်ခန်းမှထိုင်၍ လိုက်ပါလာကြသည်။

အချိန်မှာ မှောင်ခြည်ကလွှမ်းလာပြီ ဖြစ်သည်။ ဆိပ်ကမ်းတွင် ပန်းခြံဘက်သို့ ဖင်ပေး၍ရပ်ထားသည့် ကိုယ်ပိုင်ကားများ တသီတတန်းကြီး ဖြစ်ပေသည်။ ကိုဟုတ်ကြိုင်တို့ ကားရပ်ဖို့နေရာကိုပင် ကပ်ထားပြီးကားများ ကြားတွင် ခဲရာခဲဆစ်ကပ်၍ ရပ်ရလေသည်။ အားလုံး ကားအောက်သို့ ရောက်သည့်အချိန်တွင် –

"ခင်ဗျား ... ကားထားပြီး ထမင်းပြန်စားပါ၊ ပြီးတော့ ဒီကိုပဲ ပြန်လာခဲ့ပေါ့"

ဒရိုင်ဘာ စောပီတာမှာ သူဌေး ကိုဟုတ်ကြိုင်၏ အမိန့်အတိုင်းပင် ကားထား၍ ဘားလမ်း အချုပ်ထောင်ပေါ်ရှိ နေအိမ်သို့ ပြန်လာခဲ့သည်။ ဆိပ်ကမ်းတွင် ကိုဟုတ်ကြိုင် ဇနီးမအမာ၊ သမီး စမ်းစမ်းရီ၊ နုနုရီတို့နှင့် ညှိသည်မိတ်ဆွေ ကိုဝင်းလှတို့ ကျန်ရစ်ခဲ့လေသည်။

ဆိပ်ကမ်းတစ်လျှောက်တွင် မှောင်ရိပ်ခို၍ ချစ်တင်းဆိုကြသူများလည်း ရှိနေကြသည်။ ကိုယ့်ကားပေါ်မှာပင် အတူယှဉ်တွဲထိုင်၍ လောက စည်းစိမ်၏ အရသာကို မြိန်မြိန်ကြီး ခံစားနေကြသူများလည်း ရှိနေကြသည်။ ဆိပ်ကမ်းရှိ သမ္ဗန်သမားများ သူ့ထက်ငါ အလုအယက် ခေါ်နေကြသည့် အသံများလည်း ဆူဆူညံညံ ကြားနေရဆဲ ဖြစ်သည်။

ပင်လယ်ကူးသင်္ဘော ကုန်တင်ကုန်ချလုပ်ခွင်သို့ လိုက်ပါ

mgyoe.com

mgyoe.com


မသွားကြရသည့် အလုပ်သမားအချို့မှာလည်း ဆိပ်ကမ်းတွင် ရှိနေကြသေးသည်။ သို့သော် ကိုယ့်အတွေး ကိုယ့်အလုပ်နှင့် ရှိနေသောကြောင့် တစ်ဦးကိုတစ်ဦး သတိပြုကြဟန်မတူပါ။

ကိုဟုတ်ကြိုင်တို့မိသားစုနှင့် ကိုဝင်းလှသည် ကမ်းနားနှင့် ကိုက် ၁၀၀ ခန့်ဝေးကွာသည့် သုံးမြှောင့်မြက်ခင်းပေါ်ထိုင်၍ အာလာပ သလ္လာပ စကားတွေ ပြောနေကြသည်။ သူတို့ အိမ်တွင်းရေးအကြောင်းတွေလည်း ပါချင်ပါပေလိမ့်မည်။

"ကျွန်တော် ပဲလှော် သွားဝယ်ဦးမယ်"

ကိုဝင်းလှ စကားဖြတ်၍ ကိုဟုတ်ကြိုင်နှင့် မအမာတို့ကို ပြောပြီး ကိုဝင်းလှ ထလာသည်။ ကုလားတစ်ယောက် အိုးစည်ပုံ ကြိမ်ခုံဖြင့် ရောင်းသည့်နေရာသို့ သူ ရောက်လာသည်။

အမှောင်ထုက ပိုအားကောင်းလာသည်။ လှမ်းလှမ်းမှနေ၍ မြေပဲ ဆားလှော်ရောင်းသည့် ကုလားနေရာကို ကြည့်လျှင် လူလုံးမကွဲ၊ ဝိုးဝိုးဝါးဝါးသာ မြင်နိုင်လောက်သည့်နေရာ ဖြစ်သည်။ ကိုဟုတ်ကြိုင်သည် သူ့ဇနီး သားသမီးများနှင့် စကားကောင်းလျက်ပင် ရှိနေသည်။ ကိုဝင်းလှ မြေပဲ ဆားလှော် ၁၀ ပြားဖိုး ဝယ်ယူပြီး ကိုဟုတ်ကြိုင်တို့နား ပြန်ရောက်လာသည့်အခါ –

"ကိုဝင်းလှ... ခင်ဗျားတော့ အလုပ်ပေါ်ပြန်ပြီ၊ သမီးက ကြံရည် သောက်ချင်လို့ဗျာ"

ကိုဟုတ်ကြိုင်ဆီး၍ ပြောလိုက်သောကြောင့် ကြံရည်သောက်ချင်သည်ဆိုသော ကိုဟုတ်ကြိုင်သမီး စမ်းစမ်းရီကိုခေါ်၍ ကိုဟုတ်ကြိုင်နှင့် မအမာတို့ ထိုင်နေသည့်နေရာ၏ မြောက်ဘက် ကိုက် ၁၀၀ ကွာခန့်၌ လက်တွန်းလှည်းနှင့် ရောင်းနေသည့် ကြံရည်ဆိုင်သို့ခေါ်လာ၍ ကြံရည်ဝယ်တိုက်နေစဉ် ပန်းဆိုးတန်းလမ်းအတိုင်း မြောက်ဘက်မှလာနေသော ဒရိုင်ဘာကို ကိုဝင်းလှက လှမ်းမြင်နေရသည်။ သူ့အနားသို့ ရောက်လာသည့် ဒရိုင်ဘာ စောပီတာက စ၍ –

"ဝိတ်တင်းဖော်ယူ"

"ဟဲပီးခရစ်စမတ်တူယူ"

mgyoe.com

mgyoe.com


သူတို့နှစ်ဦး အပြန်အလှန် ပြောလိုက်ကြသည့်စကားသည် ဘာကို ရည်ရွယ်၍ ပြောလိုက်သည်ကို ကြံရည်ရောင်းသော ကုလား ကလည်းမသိ။ ကိုဟုတ်ကြိုင်၏သမီး စမ်းစမ်းရီကလည်း သိဟန်မတူ ပါ။ ကြံရည်သောက်မြဲ သောက်နေသည်။

ညပိုင်းရေဒီယိုမှ သတင်းလွှင့်လျက် ရှိနေပြီ။ ဆိပ်ကမ်းပတ်ဝန်း ကျင်တစ်ဝိုက်တွင် မှောင်ခိုသမားများသာ ကျန်တော့သည်။ တန်းစီ၍ ရပ်ထားသည့် ကားများလည်း အလျှိုအလျှို ထွက်သွားကြလေသည်။ ဖွဲကောင်းကောင်းနှင့် ထိုင်နေကြသော အသက် ၂၀ ပတ်ဝန်းကျင်သာ ရှိသေးသည့် အမျိုးသမီးနှင့် အမျိုးသားတို့သည်လည်း ပင်လယ်က သစ်ပင် မှောင်ရိပ်အောက်တွင် ပူးကပ်၍သွားကြသည်။ ဂလိုင်ခေါက်၍ ဝယ်သူစောင့်နေသော ကြံရည်ကုလားမှာလည်း အရောင်းပါးလာပြီဖြစ်၍ ပန်းဆိုးတန်းလမ်းဘက်သို့ သူ့တွန်းလှည်းကို ယူဆောင်သွားလေသည်။

ဆိပ်ကမ်းရဲဌာန ရဲသားတစ်ယောက်သည် သူ့တာဝန် ဝတ္တရား အလှည့်ကျရောက်၍ ဌာန၏အပေါက်ဝတွင် အစောင့်တာဝန်ကို ထမ်း ဆောင်နေသည်ကို မီးရောင်ကြောင့်လှမ်း၍ မြင်နေရသည်။ ဟန်မပျက် လျှောက်လာသူ လူတစ်စုသည် စပါတ်လမ်းဘက်မှ ဆိပ်ကမ်းဆီသို့ ဆင်းလာသည်။

အချိန်ကား ညဉ့်နက်ပိုင်းသို့ ချင်းနင်းဝင်ရောက်စ ပြုလာပြီဖြစ် ၍ ဆိပ်ကမ်းတွင် ညဉ့်ငှက်များလည်း အလျှိုလျှို ရောက်လာကြသည်။ သူတို့သည် အိပ်ချိန်ရောက်၍ အိပ်တန်းတက်လာကြသည် မဟုတ်ပါ။ သူတို့၏ စီးပွားရေးအတွက် အကွက်ရှာရန် ဖြစ်လေသည်။

မာစီဒီးကားတစ်စီး၏ မီးရောင်သည် သုံးမြှောင့်မြက်ခင်း ပေါ်တွင် ထိုင်၍ စကားပြောနေကြသည့် ကိုဟုတ်ကြိုင်တို့ မိသားစုအား ထင်ထင်ရှားရှား မြင်နေရပြီးမှ မီးသေးပြောင်း၍ ဗိုလ်အောင်ကျော်လမ်း ဘက်သို့ ဘက်တမင်တန်ကစားကွင်းကို ကျော်၍ မောင်းထွက်သွားလေ သည်။

ကိုဟုတ်ကြိုင်တို့မိသားစုမှာ ညနေတိုင်းလိုလို မိုးမရွာသည့် ရာသီများတွင် လွှစ္စလမ်းဆိပ်ကမ်းသို့ လာရောက်ကြသူများဖြစ်၍ သူတို့

mgyoe.com

အဖို့ လွှစ္စလမ်းဆိပ်ကမ်းသည် အချိန်ညဥ့်နက်သော်လည်း ကြောက်ရွံ့ခြင်းမရှိ၊ ကိုယ်ပိုင်နေရာတစ်ခုတွင် နေရဘိသကဲ့သို့ ရှိကြသည်။

"ဆရာ... ဒီနေ့ ကားအကွေ့မောင်းတတ်အောင် သင်လိုက်ကြရအောင်လား"

စောပိတာက သူ့သူငယ်ချင်း ကိုဟုတ်ကြိုင်မှာ ကားမောင်းသင်နေသောကြောင့် ညဘက် လူရှင်း၍ ကားအသွားအလာ နည်းသည့်အချိန်တွင် ကားမောင်းသင်ပေးနေကျဖြစ်၍ ထိုသို့ ပြောလိုက်ခြင်းဖြစ်သည်။

"အေး... ကောင်းသားပဲ၊ ကားရှင်းတဲ့နေရာမှာ သွားသင်ရရင်တတ်မယ်၊ အမာတို့ ခဏနေကြဦးနော်၊ ကိုဝင်းလှလည်း ရှိသားပဲ"

ကိုဟုတ်ကြိုင်သည် သူတို့နှင့် ရင်းနှီးနေသော ကိုဝင်းလှလည်း ရှိနေသောကြောင့် ကားမောင်းသင်ရန် စောပိတာနှင့်အတူ ကားရှိရာသို့ လျှောက်လာကြသည်။ မအမာနှင့် ကလေးများသည် ကိုဝင်းလှနှင့်အတူ မြက်ခင်းပြင်တွင် ကျန်ရစ်ခဲ့ကြသည်။ ကိုဟုတ်ကြိုင် ကားမောင်းသင်ရန် တင်ဆောင်သွားသည့် အိုပယ်လ်ကား ဃ–၆၅၉၂ သည် တဖြည်းဖြည်း ဘီးလိမ့်၍ အရှေ့ဘက်သို့ မောင်းထွက်သွားကြလေသည်။

ဘဝသံသရာ... ရှည်လျားထွေပြား မနေမနား တစ်သွားတည်းသွားကြတာ... ခရီးပန်းတိုင် မရောက်မချင်း တစ်ယောက်ဆင်း တစ်ယောက်တက် ဆက်လက်ထွက်ခွာကာ လောဘရယ်... ဒေါသရယ်... မောဟရယ်။

ဘဝသံသရာဇာတ်ကားမှာ ဒါရိုက်တာ စာရေးဆရာ ဦးသုခ၏ ဗုဒ္ဓအဘိဓမ္မာတရားကို အခြေခံ၍ ရိုက်ကူးထားသည့် လူ့ဇာတ်ခုံအတွင်းမှ အဖြစ်အပျက် သဘာဝဇာတ်လမ်းတစ်ခု ဖြစ်သည်။ ဇာတ်လမ်းအခြေခံ ကျောရိုးကောင်းသလို ဇာတ်ဆောင်သူတွေကလည်း ဇာတ်လမ်းအရ ပိုင်ပိုင် နိုင်နိုင် သရုပ်ဖော်ပြနိုင်ကြသည်။ ဘဝသံသရာ သီချင်းသည်ပင် သံဝေဂယူစရာ တရားရစရာ ကောင်းလှသည်။ သီချင်းနှင့်ဇာတ်လမ်းသည် ဟပ်မိသည်။ ကင်မရာအယူအဆမှာ အလင်းအမှောင် မှန်သလို Scene မြင်ကွင်းများမှာလည်း ကြည့်၍ကောင်းလှသည်။

ထိုဇာတ်ကား ကြည့်ပြီးသူတိုင်း တစိမ့်စိမ့် စားမြုံ့ပြန်ရသည်။

mgyoe.com


ဒါရိုက်တာ ဦးသုခကိုယ်တိုင် မြန်မာဆိုင်းဝိုင်းကြီးနှင့် မြန်မာသံစစ်စစ် သီဆိုထားသော ဘဝသံသရာသီချင်းပင် အသည်းထဲ စွဲကျန်ရစ်ရသည်။ ထို့ကြောင့်လည်း ထိုဘဝသံသရာကား ကြည့်ပြီးသူရော မကြည့်ရသော်လည်း သီချင်းသံကို ကြားဖူးသူများပါ ပါးစပ်ဖျားတွင် ဘဝသံသရာသီချင်းကား ရေပန်းစားလျက်ရှိလေသည်။

ဘဝသံသရာဇာတ်ကားအကြောင်းကို ကိုဝင်းလှနှင့် မအမာတို့က အားရပါးရ ပြောနေကြသည်ကို ကလေးနှစ်ယောက်ကလည်း လူကြီးနှစ်ယောက်၏မျက်နှာကို တစ်လှည့်စီ ကြည့်၍ နားထောင်နေကြသည်။ ဘဝသံသရာဇာတ်ကားအကြောင်းကို သူတို့ အချိန်ကုန်မှန်းမသိအောင် စိတ်ဝင်စားစွာ ပြောနေကြခြင်းဖြစ်သည်။

မအမာက သူ့လက်မှနာရီကို မီးရောင်တွင်ကြည့်လိုက်ပြီး –

"ဟင်... ကိုးနာရီထိုးဖို့ ဆယ်မိနစ်ပဲ လိုတော့တယ်၊ အကြိုင်တို့ကားလည်း ပြန်မလာသေးပါလား"

မအမာက ဆက်လက် –

"ချာတာဘဏ်က ကားဂိုဒေါင် ည ၉ နာရီ ပိတ်တယ်၊ စိတ်ပူစရာ ဖြစ်နေတာပဲ"

မှန်ပါသည်။ ကားမောင်းသင်ရန် ည ၈ နာရီက ထွက်သွားကြသည်မှာ ည ၉ နာရီထိုးရန် ဆယ်မိနစ်သာလိုတော့သဖြင့် စိတ်ပူစရာပင်ဖြစ်သည်။ ကားမောင်းသင်ရန် သွားခဲ့ဖူးသည်မှာ ယခုလို အချိန်ညဉ့်မနက်၊ အလွန်ကြာလျှင် မိနစ် ၃၀ ခန့်သာ ကြာသည်။

"သွားရှာမှ ထင်တယ်"

မအမာနှင့် သမီးနှစ်ယောက်အပြင် ကိုဝင်းလှပါ ရေဂါတ်ဘက်မှ နေ၍ ကမ်းနားလမ်းပေါ် လာကြည့်ကြသည်။ ကားအသွားအလာကျဲသွားသည်ကို မြင်နေရသည်။ ဗိုလ်တထောင်ဘုရားလမ်းဆီသို့ မျှော်ကြည့်သည့်အခါ ကိုယ်ပိုင်ကားတစ်စီးမောင်းလာသည်ကို မြင်၍ စောင့်ကြည့်နေကြသော်လည်း သူတို့လူစုကို ဖြတ်ကျော်မောင်းထွက်သွား၍ အိမ်ကကားမဟုတ်မှန်း သိကြသည်။ ဗြိတိသျှသံရုံးကိုကျော်၍ စထရင်းဟိုတယ်ဘက်သို့ လျှောက်ကြည့်သေးသည်။ ဟိုတယ်ဆောင်းတွင်

mgyoe.com

mgyoe.com


ရပ်ထားသည့် ကားများထဲတွင် အိုပယ်လ်ကားတစ်စီးမျှ မတွေ့ရ၍ ရေဂါတ်ဘက်သို့ ပြန်လျှောက်လာကြ ပြန်သည်။

ကမ်းနားဘက် ပလက်ဖောင်းပေါ်တွင် အရက်မူးလွန်၍ ခြေကားရား လက်ကားရားနှင့် အိပ်မောကျနေသော ကုလားတစ်ယောက်ကို တွေ့ရသည်။

"ဘာလုပ်ရင် ကောင်းမလဲ"

မအမာက သူ့မိတ်ဆွေ ကိုဝင်းလှကို မေးလိုက်သည်။

"ရေဂါတ်ဝင် အကြောင်းကြားရင် ကောင်းမယ်ထင်တယ်"

သူတို့တစ်တွေသည် ကိုဟုတ်ကြိုင်နှင့် ဒရိုင်ဘာ ပြန်မရောက်၍ ရေဂါတ်မှ ရဲများထံ အကူအညီတောင်းရန် ဝင်ခဲ့ကြသည်။ ရေဂါတ် အပေါက်ဝတွင် စန်ဒရီက ဆီးကြို၍ –

"ဘာကိစ္စလဲ"

"အမှုတိုင်စရာရှိလို့ပါ"

အမှုတိုင်တန်းရန် လာသူဟုဆို၍ ဂါတ်စာရေးထိုင်နေသော နေရာကို ညွှန်ပြလိုက်သည်။ မအမာက ဂါတ်စာရေးထံသို့ ရောက်သည်နှင့်–

"ကားမောင်းသင်ထွက်သွားတဲ့ ကျွန်မယောက်ျား ကိုဟုတ်ကြိုင် အခုထိပြန်မလာဘူး၊ အရင်ကလည်း ပြန်ပေးဆွဲခံရဖူးလို့ စိတ်ပူတာနဲ့ လာတိုင်တာ ကျွန်မတို့ကို ကူညီပါဦး"

"ကားက ဘာကားလဲ"

"အိုပယ်လ်ကား အောက်က နက်ပြာ၊ အပေါ်က အဖြူရောင် သုတ် ထားတယ်"

ရဲစာရေး အကြံပေးသည့်အတိုင်း မအမာတို့လူစုသည် ကမ်းနားရဲမင်းကြီးရုံးရှေ့ရှိ ဝါယာလက်ဌာနသို့ ရောက်လာရပြန်သည်။ ဝါယာလက်ဌာနကလည်း သူတို့နှင့်မဆိုင် ရေဂါတ်ကိုသာ အကြောင်းကြားပါဟု ပြောလွှတ်လိုက်ကြသည်။ ရေဂါတ်သို့ပြန်ရောက်၍ ဝါယာလက်ကားဌာနမှ ပြောသည့်အတိုင်း ပြောပြသည့်အခါ ရေဂါတ်ကလည်း သူတို့နှင့် မဆိုင် ဝါယာလက်ကားနှင့်သာဆိုင်သည်ဟု ပြောလွှတ်ပြန်သည်။ လင်

mgyoe.com

mgyoe.com


အတွက် သောကပွေ၍ ဆောက်တည်ရာမရ ဖြစ်လာရသည်။ အချိန်မှာလည်း ညဉ့်နက်ပိုင်းသို့ ရောက်ရှိလာပြီဖြစ်၍ ကားထားရာ ချာတာဘဏ်အဆောက်အအုံ၊ ကားဂိုဒေါင်ရှိရာသို့ ရောက်လာကြသည်။

"အစ်မကား မရောက်သေးဘူး၊ ၉ နာရီထိုးပြီးလို့ ကားဂိုဒေါင်လည်း ပိတ်လိုက်ပြီ"

ပို၍ ပူပင်စရာဖြစ်လာသည်။ ကားဒရိုင်ဘာ စောပီတာကို အလုပ်သွင်းပေးသည့် ဘားလမ်းအချုပ်ထောင်ရှေ့မှ ကွမ်းယာဆိုင် ကုလားအက်စ် အာမက်ထံသို့ လာကြပြန်သည်။

"ကိုဟုတ်ကြိုင်ကို ကားမောင်းသင်မယ်ဆိုပြီး စောပီတာနဲ့ ထွက်သွားတာ အခုအချိန်အထိ ပြန်မရောက်သေးလို့ စိတ်ပူနေတယ်၊ စောပီတာ အိမ် ဘယ်မှာလဲ"

မအမာက မေး၍ အက်စ်အာမက်က အချုပ်ထောင်ပေါ်တွင် ရှိသော စောပီတာ၏အခန်းကို လိုက်ပြသည်။ စောပီတာဇနီးနှင့် အဆင်သင့် တွေ့ရသည်။

"သူတော့ ကျွန်မကို ဘာမှပြောမသွားဘူး၊ ကျွန်မလည်း ဘုရားရှိခိုးဖို့ သူ့ကို စောင့်နေတာပဲ"

ရဲစာရေးမေး၍ ပြန်ပြောနေစဉ် အနီးတွင်ရှိသော ရဲသားတစ်ယောက်က –

"အဲဒီကားအရောင်မျိုးပဲ၊ ဗိုလ်တထောင်ဘုရားနားက ကြံရည်ဆိုင်မှာ တွေ့ခဲ့တယ်"

ရဲသားတွေ့သည်ဆိုသော စကားအရ –

"ဒါဖြင့် ကျွန်မတို့ သွားကြည့်ပါဦးမယ်"

မအမာနှင့် ကလေးနှစ်ယောက်က ဆိုက်ကားတစ်စီး၊ ကိုဝင်းလှက ဆိုက်ကားတစ်စီး စီး၍ ရဲသားတွေ့ခဲ့သည်ဆိုသော ဗိုလ်တထောင်ဘုရားနားရှိ ကြံရည်ဆိုင်သို့ သွားကြည့်ကြသည်။ ကြံရည်ဆိုင်နှင့် ဗိုလ်တထောင်ဘုရား ပတ်ဝန်းကျင်တစ်ဝိုက်တွင် ကိုဟုတ်ကြိုင်နှင့် မော်တော်ကားကို မတွေ့ရသောကြောင့် ရေဂါတ်သို့ပြန်လာကြရသည်။

"ကားလည်း မတွေ့ဘူး၊ လူလည်း မတွေ့ဘူး၊ ကျွန်မတို့လည်း

mgyoe.com

mgyoe.com


ကမ်းနားဘက်တောင် လှည့်ကြည့်ခဲ့သေးတယ်"

"အချိန်တော့ စောပါသေးတယ်၊ ကားမောင်းသင်တယ်ဆိုတာ ဘီးပေါက်ချင်လည်း ပေါက်တတ်တာပဲ"

မအမာစိတ်ထဲတွင် ရုတ်တရက် ဘာပြော၍ ဘာလုပ်ရမှန်း မသိ ဖြစ်သွားသည်။ သူ့စိတ်ထဲတွင် ပူပန်မှုများ တရိပ်ရိပ်တက်ကာ ခံစားလာရသည်။ သမီးငယ်နှစ်ယောက်၏ မျက်နှာမှာလည်း ဖအေပြန်မရောက်သေး၍ ငေးမှိုင်နေကြလေပြီ။

မအမာ၏အဖြစ်ကို ကြည့်၍ ရဲစာရေးက –

"ဒီလိုဆို ဝါယာလက်ကားကို အကူအညီသွားတောင်းပါလား၊ ဝါယာလက်နဲ့ ကြေညာပြီးရှာရင် ပိုကောင်းမယ်"

စောပီတာဇနီးထံမှလည်း မည်မည်ရရမရှိ။ သူ့ယောကျ်ားကိုပင် ဘုရားရှိခိုးရန်စောင့်နေသည်ဟု ပြောလိုက်သေးသည်။

"ဘာလုပ်ရင်ကောင်းမလဲ၊ ရေဂါတ်သွားတော့လည်း ဝါယာလက်ဌာနလွှတ်၊ ဝါယာလက်ဌာနသွားမေးတော့လည်း ရေဂါတ်လွှတ်နဲ့"

မအမာက အက်စ်အာမက်ထံ အကူအညီတောင်းလိုက်သည်။

"ကျောက်တံတားဂါတ်သွားတိုင်ရင် ကောင်းမယ်"

အက်စ်အာမက် အကြံပေးချက်အရ မအမာမှာ ကလေးများနှင့်အတူ ကျောက်တံတားဂါတ်သို့ ရောက်လာသည်။ ကိုဝင်းလှနှင့် အက်စ်အာမက်လည်း ပါလာသည်။

အချိန်မှာ ည ၁၁ နာရီထိုးပါပြီ။

မအမာတိုင်တန်းချက်အရ ရဲအရာရှိများသည် မအမာအား အခန်းထဲခေါ်၍ စစ်ဆေးမေးမြန်းကြသည်။ ကျောက်တံတားဂါတ်သို့ ရောက်လာသောအခါ ကိုဟုတ်ကြိုင်အား သူ့ဆွေမျိုးထဲမှ ငွေ ၅၀၀၀ိ/– ပေး၍ သတ်ခိုင်းသည်ဆိုသော သတင်းရရှိထားသည်ကိုလည်း အက်စ်အာမက်က ရဲအရာရှိများရှေ့တွင် ပြောပြ၍ ရဲအရာရှိများ မျက်လုံးမျက်ဆန်ပြူး ဖြစ်သွားကြရသည်။

ကိုဟုတ်ကြိုင်နှင့်ကားကို ရှာဖွေရန် ဂါတ်ထဲမှ ထွက်လာစဉ် မအမာကပင် –

mgyoe.com

mgyoe.com


"အင်းယားလမ်းမှာနေတဲ့ သူ့အစ်ကို ကိုဟုတ်ကျော်ဆီ အကြောင်း ကြားချင်တယ်"

"ဒီကားနဲ့ပဲ သွားအကြောင်းကြားတာပေါ့"

ရဲအရာရှိက ဤသို့ အဖြေပေးပြီး ရဲကားမှ ဒရိုင်ဘာကို ဓာတ်ဆီ ဘယ်လောက်ရှိသည်ကို မေးလိုက်သည်။

"ဓာတ်ဆီနည်းနေတယ် ဆရာ"

မအမာပင် ထိုရဲအရာရှိထံမှ ငွေ ၁၀/-ချေး၍ ဓာတ်ဆီထည့်ရသည်။ ရဲကားပေါ်တွင် မအမာတို့ သားအမိနှင့် ကိုဝင်းလှတို့ပါ ရဲအဖွဲ့ဝင်များနှင့်အတူ လိုက်ပါလာကြသည်။ ရဲကားသည် ဘီအေအေ ကစားကွင်းကို ပတ်၍ အထက်ပန်းဆိုးတန်းလမ်းအတိုင်း ကန်တော်ကြီးဘက်သို့ မောင်းလာကြသည်။ ကန်တော်ကြီးဘုတ်ကလပ် (ပြည်ထောင်စုကလပ်)ဘက်သို့ ရောက်သည့်အခါ ညာဘက်ကိုချိုး၍ မောင်းလာသည်။ ကနေဒီကျွန်းမှဖြတ်၍ မောင်းသွားရသော ပတ်ခ်လမ်းသို့ ထွက်သည့်အခါ ပတ်ခ်လမ်းအထွက်လောက်တွင် ကားတစ်စီးရေထဲသို့ ထိုးကျနေသည်ကို မြင်လိုက်ကြရသည်။

"ဟော့... ရေထဲကျတဲ့ကားနား ရပ်ကွာ"

ရဲအရာရှိအမိန့်အရ ကားဒရိုင်ဘာက ရပ်ပေးလိုက်သည်။ မအမာနှင့် ကလေးနှစ်ယောက်လည်း ကားပေါ်မှ အူယားဖားယားဆင်း၍ ကားရှိရာသို့ သွားကြသည်။ ကားမှာ ရေထဲတွင် ရှေ့ဘီးနှစ်ဖက်မြုပ်၍ ဓာတ်မီးများ ပွင့်နေသည်။ ရဲကားပေါ်တွင် ကိုဝင်းလှတစ်ယောက်သာ ကျန်ရစ်ခဲ့သည်။ ရေထဲသို့ ရှေ့ဘီးနှစ်ဖက်ကျနေသောကားမှာ ကိုဟုတ်ကြိုင်၏ အိုပယ်လ်ကား ဃ/၆၅၉၂ ဖြစ်သည့်အပြင် ကားအတွင်းသို့ကြည့်ရှုကြရာ သွေးများ ပေကျံနေသည်ကိုပါ မြင်ကြရသည်။

ကားကိုတွေ့ရပြီး ကားအတွင်း သွေးများ ပေကျံနေသည်ကို မြင်ကြရသော်လည်း ဒရိုင်ဘာ စောပီတာနှင့် ကိုဟုတ်ကြိုင်ကို မတွေ့ရ။ ဒရိုင်ဘာရော သူဌေးကိုပါ လူဆိုးများ ဖမ်းဆီးကြစဉ်က အဖမ်းမခံဘဲ ခုခံ၍ သွေးထွက်သံယို ပြုလုပ်သွားလေသလား သို့မဟုတ် ဒရိုင်ဘာနှင့် သူဌေး၏အသက်ကို သတ်၍ အလောင်းကို ယူထားကြသလားဆိုသည်

mgyoe.com

mgyoe.com


ကို အတပ်မပြောနိုင်အောင် ဖြစ်ကြရသည်။

ကလေးနှစ်ယောက်ကလည်း ငိုသည်။ မအမာကလည်း လင့်အတွက် သောကဖြစ်၍ မျက်ရည်ကျရသည်။ ကားတွေ့သည့်နေရာတွင် ရဲအစောင့်ချထားပြီး ရဲကားနှင့်ပင် တောင်လုံးပြန်ရဲဌာနသို့ ထွက်လာခဲ့ကြသည်။

အချိန်မှာ ည ၁၁ နာရီကျော်ပြီဖြစ်၍ လူအသွားအလာ စဲစပြုပြီဖြစ်သည်။ တောင်လုံးပြန်ဂါတ်တဲတွင် ကားတွေ့သည့်နေရာကို သွားစောင့်ကြည့်ထားရန် မှာကြား၍ ကျောက်တံတားဌာနအုပ်က သက်ဆိုင်ရာ ရဲအရာရှိ အကြီးအကဲများထံ တယ်လီဖုန်းဆက်၍ အစီရင်ခံလိုက်သည်။ မအမာတို့ လူစုကို ကျောက်တံတားဌာနသို့ ပြန်ခေါ်လာကြသည်။ ကျောက်တံတားဌာနအတွင်း ရဲအဖွဲ့ဝင်များသည် အမှုသဲလွန်စရရန်အတွက် မအမာကို မေးမြန်းကြသည်။ ကိုဟုတ်ကြိုင် ပြန်ပေးဆွဲခံရစဉ်က အကြောင်းများကိုလည်း ပြန်လည်လေ့လာကြသည်။ ရဲအဖွဲ့ဝင်များ အမှုအခြေအနေကို တိုင်ပင်ဆွေးနွေးနေကြစဉ်အတွင်း မအမာ၊ သမီး စန်းစန်းနု၊ စန်းစန်းရီနှင့် ညှော်သည်မိတ်ဆွေ ကိုဝင်းလှတို့လည်း ကျောက်တံတားဌာနတွင် ရှိနေကြသည်။

သမီးငယ်နှစ်ယောက်မှာ အိပ်ငိုက်တတ်သောအရွယ်ပင်ဖြစ်သော်လည်း သူတို့ဖေဖေအတွက် သောကဖြစ်၍ မျက်ရည်စက်လက်ဖြစ်နေကြသည်။ မိခင်သည် သမီးနှစ်ယောက်ကိုကြည့်၍ သူ့နှလုံးသားများသည် ပို၍ ကြေကွဲခြင်းကို ခံစားနေရဟန်ရှိလေသည်။

"ကိုဝင်းလှ မအေးသီတို့အိမ် သွားပါလား"

"သွားတာပေါ့"

"တက္ကစီငှားပြီး သွားပေါ့၊ ကလေးတွေလည်း သူတို့အိမ်မှာထားခဲ့ပါ၊ သူတို့လင်မယားလည်း ကျောက်တံတားဂါတ်ကို လိုက်လာဖို့ ပြောပေးပါ"

မအေးသီဆိုသည်မှာ မအမာ၏ ညီမဖြစ်သည်။ မအေးသီယောက်ျားမှာ ကိုတင်အေးဖြစ်၍ မအမာတို့ကားကို စောပီတာမမောင်းမီ ဒရိုင်ဘာအဖြစ် ခေါ်ထားဖူးသေးသည်။ သူတို့လင်မယားမှာ ကြည့်မြင်

mgyoe.com

mgyoe.com


တိုင် ဟုမ်းလမ်း၌ နေကြသည်။

ကိုဝင်းလှသည် မအေးသီတို့လင်မယားကို ခေါ်ရန် တက္ကစီကားငှား၍ ကလေးနှစ်ယောက်တင်ပြီး ထွက်လာခဲ့သည်။ ထိုအချိန်နှင့် မရှေးမနှောင်းပင် ကျောက်တံတားဌာနအုပ်က မအမာအား ကိုဟုတ်ကြိုင် အဖြစ်အပျက်ကို အမှုဖွင့်ရန် ရေဂါတ်သို့ ခေါ်ဆောင်သွားသည်။ ရေဂါတ်တွင် မအမာ၏ပထမသတင်း တိုင်ချက်ပေးသည့်အချိန်မှာ ၁၉၅၆ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက် ၄ နာရီနှင့် မိနစ် ၅၀ အချိန် ဖြစ်သည်။ ပထမနံပါတ်မှာ ၆၀၅–က ၅၆ ဖြစ်၍ ရာဇသတ်ကြီးပုဒ်မ ၃၆၅ ဖြစ်သည်။

တိုင်ချက်မူရင်းမှာ –

မအမာ (ဘ) ကိုမောင်တင် အသက် ၃၀၊ မြန်မာဗုဒ္ဓဘာသာ၊ အမှတ်(၂၇) မောင်ခိုင်လမ်းနေသူက တိုင်သည်မှာ ယခုနေ့ (၂၃–၁၂–၅၆) နံနက် ၁၀ နာရီအချိန် ကျွန်မယောက်ျား အကြိုင် (ခေါ်) ကိုဟုတ်ကြိုင်နှင့် ကျွန်မကလေး(၂)အပြင် ဆရာဝန် ကိုဝင်းလှဆိုသူနှင့် အတူ ဒလဆိပ်ကမ်းသို့ သွားကြပါသည်။ နေ့လယ် ၂ နာရီခန့်အချိန် ရန်ကုန်ဆိပ်ကမ်းသို့ ကူးလာပါသည်။ ၎င်းနောက် ပန်းဆိုးတန်း ရောက် စီရုပ်ရှင်ရုံသို့ လာ၍ ကုလားကား ကြည့်ကြပါသည်။ ညနေ ၆ နာရီ ရုပ်ရှင်ပြီး၍ ပြန်လာ၊ ရွှေတောင်တန်းတွင် မုန့်ဟင်းခါး သွားစားကြပါသည်။ ၎င်းနောက် အောက်ပန်းဆိုးတန်းကမ်းနားသို့ သွားရောက် လေညင်းခံနေကြပါသည်။ ကားသမား စောပီတာသည် ညနေ ၆ နာရီ ၄၅ မိနစ်ခန့် ကားမပါဘဲ ထမင်းစားထွက်သွားပြီး ၈ နာရီခန့် ပြန်ရောက်လာပါသည်။ ကျွန်မယောက်ျားက အိပ်ချင်ပြီ၊ အိမ်ပြန် ရအောင်ပြောသောအခါ ကားဒရိုင်ဘာ စောပီတာက ဒီနေ့ ကားမောင်းသင်လိုက်ပါဦး၊ အကျွေ့သင်ပြီးရင် တတ်တာပါပဲဆို၍ ကျွန်မယောက်ျားနှင့် ဒရိုင်ဘာ စောပီတာတို့ ကားမောင်းသင်တာ မတော်တဆ တိုက်မိနေမယ်၊ ကျွန်မအား ဆင်းနေခဲ့ရန်ပြော၍ အားလုံးကမ်းနားတွင် ဆင်းနေခဲ့ပါသည်။ ၎င်းတို့ စီးသွားသောကားမှာ ဗိုလ်တထောင်ဘက်သို့ မြန်မြန်မောင်း သွားတာ တွေ့ရပါသည်။ ထိုကားမှာ ခါတိုင်းကဲ့သို့ နှေးနှေးမမောင်း

mgyoe.com

mgyoe.com


အမြန်မောင်းသွားရာ မြင်လိုက်၍ မသင်္ကာသဖြင့် ကျွန်မနှင့် ကလေးနှစ်ယောက်အပြင် ဆရာဝန်ပါ ရေဂါတ်သို့သွားရာ ဂါတ်ဝတွင် စန်ဒရီရဲသားကိုတွေ့၍မေးရာ ဗိုလ်တထောင်ဘက်သို့ မောင်းသွားတာမြင်ကြောင်း ညွှန်ကြား၍ ကျွန်မတို့ ဆိုက်ကားနှင့် ဗိုလ်တထောင်ဘက်သို့ လိုက်ရှာရာ မတွေ့၊ ကားထားသော ဘဏ်တိုက်သို့ သွားရောက် ရှာဖွေရာတွင်လည်း မတွေ့သဖြင့် ဂျစ်ကားတစ်စီးငှား လိုက်လံရှာဖွေရာ မတွေ့ရပါ။ ၎င်းဒရိုင်ဘာနေသော အချုပ်ထောင်အောက်ရှိ အမည်မသိ ကွမ်းယာရောင်းသော ကုလားအား ၎င်းနှင့်ဆက်သွယ်၍ ဒရိုင်ဘာအားငှားရသဖြင့် ကုလားအားခေါ်၍ ကျောက်တံတားရဲဌာနသို့ ရောက်လာ၊ ဌာနတွင် ပြောပြချက်အရ ဌာနမှ လိုက်လံစုံစမ်းသောအခါ ကန်တော်ကြီးနားတွင် ကျွန်မ၏ကားနှင့် ကားတွင် သွေးကွက်ရာတွေ့ခဲ့ပါကြောင်း ကျွန်မယောကျ်ားသည် သေသည် ရှင်သည် မသိရသေးပါ။ ကျွန်မ၏ကားကို ကန်တော်ကြီးတွင် ည ၁၁ နာရီခန့်တွေ့၍ အရေးယူပါရန် လာရောက်တိုင်တန်းပါသည်။

ဘတ်ပြောရာ မှန်ကန်ကြောင်း
လက်မှတ်ရေးထိုးပါသည်။

(ပုံ) သန်းမောင် | (ပုံ) အမာ
ရဲစာရေး | တိုင်တန်းသူ
၂၄–၁၂–၅၆

အထက်ပါ မအမာ၏ သတင်းပေးတိုင်တန်းချက်အရ ရာဇသတ်ကြီးပုဒ်မ ၃၆၅ (လူပြန်ပေး)မှုဖွင့်ရန် ထိုအမှုကို ဆိပ်ကမ်းရဲဌာနာအုပ် ဦးကျော်ဖေက လက်ခံစစ်ဆေးလေသည်။

မအမာနှင့် ကျောက်တံတားရဲဌာနမှ ရဲအဖွဲ့ဝင်များ စုံစမ်းရှာဖွေချက်အရ ဒရိုင်ဘာစောပီတာနှင့် ကိုဟုတ်ကြိုင်တို့ စီးသွားသည့် အိုပယ်လ်ကားအမှတ် ဃ/၆၅၉၂ ကို ကန်တော်ကြီးစောင်း ကနေဒီကျွန်းကလေးကစားကွင်းအနီး ရေထဲသို့ ရှေ့ဘီးထိုးကျနေသည်ကို မြင်ခဲ့ရ

mgyoe.com

mgyoe.com


သည့်ပြင် ကားအတွင်း၌ သေးကွက်များပါ တွေ့ရှိရသောကြောင့် မအမာ က တရားလိုပြုလုပ်၍ ဆိပ်ကမ်းရဲဌာနသို့ တိုင်ကြားခဲ့ခြင်းဖြစ်၍ ထိုအမှုအား ပထမပိုင်းတွင် သက်ဆိုင်ရာ ရန်ကုန်ရဲအဖွဲ့မှ တရားခံပေါ်ပေါက်ရေးအတွက် စုံစမ်းထောက်လှမ်းကြရသည်။

❖

mgyoe.com

mgyoe.com

# ၄

ခြေရာလည်းပျောက် ရေလည်းနောက်နေသည်။ ဘာကောင်ဟု အစဖော်ရမှန်းမသိအောင် ဖြစ်သလို ကိုဟုတ်ကြိုင်နှင့် စောပီတာ ပျောက်နေခြင်းကိုလည်း အစဖော်ရန် ခဲယဉ်းနေသည်။ ဝါယာလက်ကား တစ်စီးနှင့် အက်စ်အာမက်ကို တင်၍ စောပီတာသွားတတ်မည့်နေရာများ အနှံ့အပြား ရှာဖွေကြသော်လည်း အချိန်ကုန်၍ လူသာပင်ပန်းသည်။ စောပီတာ ခြေရာပျောက်နေသည်။

မအမာ၏ညီမ မအေးသီနှင့် မတ်တော်သူ ကိုတင်အေးတို့သည် ကလေးနှစ်ယောက်ကို ကိုဝင်းလှနှင့်အတူ ဟုမ်းလမ်းအိမ်၌ ထားခဲ့ပြီး မအမာထံသို့ လိုက်လာကြသည်။ မအမာနှင့် တွေ့ကြသည်။ ကိုတင်အေးမှာ စောပီတာ ကိုဟုတ်ကြိုင်ကား မမောင်းစဉ်က ကားမောင်းပေးဖူးသည်။ ထိုစဉ်က ကိုဟုတ်ကြိုင်မှာ အမွေမှုကြီးဖြစ်နေသဖြင့် သူစိမ်းဒရိုင်ဘာတစ်ယောက်ကို မယုံကြည်သောကြောင့် မအမာ၏ညီမယောက်ျား ကိုတင်အေးကို မောင်းခိုင်းခဲ့ခြင်း ဖြစ်သည်။ မအမာလည်း ထိုညတစ်ညလုံး ရေဂါတ်နှင့် အချိန်ကုန်ခဲ့ရသည်။

mgyoe.com

အလင်းရောင်သည် အမှောင်ထုကို တစ်စစ ဖြိုခွင်းနေပြီ။

ရန်ကုန်မြို့ လူထု၏ လှုပ်ရှားမှုသည် တစ်စတစ်စ ပို၍ ရုတ်ရုတ်သဲသဲ ဖြစ်လာကြသည်။ မအမာတစ်ယောက် နံနက်သရေစာကို ဂါတ်တဲမှာပင်မှာ၍ စားရသည်။ လင်ယောကျ်ားအတွက် သတင်းစကား ကြားရနိုးနှင့် စောင့်စားနေမိသည်။ ကိုဝင်းလှကိုခေါ်၍ ထပ်မံစစ်ဆေး သည်။ ကိုဝင်းလှကလည်း အခင်းဖြစ်သည့်နေ့က ကိုဟုတ်ကြိုင်နှင့် တစ်ချိန်လုံးရှိနေသည်။ စောပီတာ ထွက်သွားပြီး ပြန်မလာ၍ လိုက်ရှာရာ တွင်လည်း မအမာတို့နှင့် အတူသွား အတူလာဖြစ်၍ ထိုထက်ပို၍ သူ ဘာမျှမသိရပါဟု ထွက်ဆိုသည်။

သဲလွန်စရှာရန် ရုတ်တရက် မလွယ်။ ကိုဟုတ်ကြိုင် ပျောက်ဆုံး နေခြင်းမှာ လူပြန်ပေးလော သို့မဟုတ် အသက်ကို ရန်ရှာခြင်းလော ဆိုသည်ကိုလည်း တိုတောင်းသည့်အချိန်အတွင်း ရဲအဖွဲ့မှ ပြောရန် မလွယ်ကူပါ။ ဖြစ်နိုင်သည့် အကြောင်းအချက်များကို ရှာဖွေကြည့်သည့် အခါ ဦးဘိုးလှသေဆုံးသွားပြီးနောက် ကျန်ရစ်သော မိသားစုမှာ အမွေမှု ကြီးဖြစ်နေသည်။ ထိုအမှုကို အကြောင်းပြု၍ ပဋိပက္ခလည်း ဖြစ်နေ သည်။ ထို့ပြင် ကိုဟုတ်ကြိုင်နှင့် ဒေါ်နု၊ ဦးပျော့တို့သည် ဒေါ်နုအခန်းကို ကိုဟုတ်ကြိုင်တို့ လင်မယားချောင်းကြည့်သည့်ကိစ္စနှင့် ပတ်သက်၍ တစ်ဖက်တစ်ဖက် သတ်ပုတ်တော့မည့်အထိ ပဋိပက္ခဖြစ်ခဲ့ဖူးသော ရန်ငြိုးရန်စရှိခဲ့သည်များကို ဒေါ်အမာက ဌာနအုပ် ဦးကျော်ဖေအား အစစ်ခံသောကြောင့် ထိုနေ့နံနက် ၃ နာရီခန့်တွင် ဦးပျော့အား ၁၂ လမ်းနေအိမ်တွင် သွားရောက်ဖမ်းဆီးကြသည်။ မစွမ်တီ၏သား ချစ်တီး နှင့် ဦးပျော့နှင့်အတူနေသည့် မောင်တင်ထွန်းကိုလည်း ခေါ်၍ စစ်ဆေးခဲ့ သည်။

အခင်းဖြစ်ပြီး နောက်တစ်နေ့ (၂၄–၁၂–၅၆) နံနက် ၉ နာရီအချိန် မြန်မာနိုင်ငံ မီးရထားနှင့် စုံထောက်ဌာန၊ လောကဓာတ်ဌာနမှ လက်ဗွေပုံစံ ဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသည့် ရဲအုပ်ဦးညွန့်ဒင်နှင့် ဓာတ်ပုံဌာနမှ ရဲအုပ်ဦးစောရိုန်တို့သည် အထက်အရာရှိ၏ တာဝန်ပေး ချက်အရ ကန်တော်ကြီး ကနေဒီကျွန်း ကလေးကစားကွင်းအနီး ရေထဲ

mgyoe.com

mgyoe.com

ထိုးကျနေသည့် ကားတွင် အမှုနှင့်စပ်လျဉ်း၍ သဲလွန်စရှာဖွေကြရန် ရောက်ရှိလာကြသည်။

ကားအတွင်းအပြင်ကို လေ့လာကြည့်ရှုကြသည်။ ထို့နောက် လက်ဗွေပုံစံ ရရှိနိုင်မည့်နေရာများကို ဆေးပေါင်ဒါအမှုန့်အဖြူ ဖြူးလိုက်သည်။ ခဏချင်းမှာပင် သူတို့ထင်မြင်ချက်အတိုင်း လက်ဗွေပုံစံများကို တွေ့ကြရသည်။ (၁) ကား၏ ဘယ်ဘက် သုံးမြှောင့်မှန်တံခါး အရှင်ပေါ်တွင် လက်ဗွေရာတစ်ခု တွေ့ရသည်။ (၂) ကား၏ ဘယ်ဘက်သုံးမြှောင့်မှန်တံခါး အရှင်ပေါ် အပြင်ဘက်အောက်ခြေ၌ လက်သုံးချောင်းရာ တွေ့ရသည်။ (၃) ကားအတွင်း နောက်ကြည့်မှန်တွင် လက်ဗွေရာ တွေ့ရသည်။ အမှုန့်၏ အောက်တွင် ထင်ထင်ရှားရှားပေါ်ပေါက်လာသော လက်ဗွေပုံစံများကို ဓာတ်ပုံရိုက်ယူသည်။ ထိုလက်ဗွေပုံစံများသည် နောင်အခါတွင် ထိုအမှုအတွက် စိတ်ဝင်စားဖွယ်ရာများ ဖြစ်ပေါ်နိုင်သည်။

ကားအတွင်း၌တွေ့ရသော ပစ္စည်းများထဲတွင် အမှုနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ဖြစ်သည့် သက်သေခံပစ္စည်းများမှာ ယောကျ်ားစီး ခြေညှပ်ဖိနပ် အနီရောင်နှစ်ဖက် ဖြစ်သည်။ ဖိနပ်နှစ်ဖက်မှာ ယောကျ်ားစီးများသာဖြစ်သည့်ပြင် နံပါတ် ၁၂ နှင့် ၁၄ တို့ ဖြစ်ကြသည်။ ဖိနပ်တစ်ဖက်မှာ ကားနှင့် တော်တော်လှမ်းလှမ်း၌ တွေ့ရခြင်းကြောင့် အမှုအဖြစ်အပျက်ကို စဉ်းစားနိုင်ရန် ဖြစ်လေသည်။

ရန်ကုန်မြို့တွင်းရှိ ရဲဌာနအသီးသီးရှိ လူဆိုးထိန်း ရဲအဖွဲ့ဝင်များသည် မိမိအပိုင်းအတွင်း၌ရှိသော ရာဇဝင်လူဆိုးများ၏ လှုပ်ရှားသွားလာမှု အခြေအနေများကိုလည်း တစေ့တစောင်း ကြည့်ရှုကြသည်။ အထူးသဖြင့် လူသတ်မှု၊ လူပြန်ပေးမှုများ ကျူးလွန်တတ်သည့်လူဆိုးများကို ဝီရိယစိုက်ထုတ်၍ အကဲခတ်သည်။ ထိုသူနှင့် သွားလာတတ်သူများကို အတွင်းလူယုံအဖြစ်ထား၍ အတွင်းသတင်းများကို နှိုက်ခိုင်းထားသော်လည်း ထူးထူးခြားခြား ဖြစ်မလာ။ သာမန်အနေအထား၌ ရှိလေသည်။

ထို့ပြင် ကိုဟုတ်ကြိုင်နှင့် ပေါင်းဖော်သင်းဖက်များ အမွေမှုကြီးတွင် တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခဖြစ်နေသူတို့၏ အခြေအနေများကိုလည်း လျှို့ဝှက်ထောက်လှမ်းကြသည့်အပြင် ကိုဝင်းလှ၊ ကိုတင်အေးတို့

mgyoe.com

mgyoe.com


အပါအဝင် လူပေါင်း ၆၀ ကျော် လက်ဗွေပုံစံများကို အင်းစိန်မီးရထားနှင့် စုံထောက်ဌာန လက်ဗွေဌာနသို့ ပေးပို့ခဲ့လေသည်။ လက်ဗွေပုံစံများ ပေးပို့ပေးသည့်အထဲမှ ကိုဟုတ်ကြိုင်၏ မိတ်ဆွေတစ်ဦးဖြစ်သည့် ကိုဝင်းလှ၏ လက်ဗွေပုံစံမှာ ကားအတွင်းတွင် တွေ့ရသည့် လက်ဗွေပုံစံ တစ်ခုနှင့် တူညီနေသည်ကို တွေ့ရှိ ရသည်။

သို့သော် ထိုတွေ့ရှိချက်သည် ကိုဟုတ်ကြိုင်ပျောက်ဆုံးမှု အတွက် အသုံးပြုရန်မှာ စဉ်းစားစရာဖြစ်ရသည်။ အခင်းဖြစ်သည့်နေ့က ကိုဝင်းလှသည် ကိုဟုတ်ကြိုင်၊ မအမာတို့ မိသားစုနှင့် တစ်ချိန်လုံးရှိနေသူ ဖြစ်၍ သူ့လက်ရာမှာ ကားတွင် တွေ့ရသည်မှာ အထောက်အကူ မပြုနိုင်။ ကိုဝင်းလှကလည်း တစ်ချိန်လုံး ရှိနေသည်ဟု အစစ်ခံထားသည့် မအမာ အစစ်ခံထားချက်လည်း ရှိနေသည်။ ထိုလက်ရာပုံစံသည် အမှုစုံစမ်း ထောက်လှမ်းသူတို့အဖို့ မလွယ်ကူပါ။ အခြားအထောက်အထားများရှိဖို့ လိုအပ်နေသည်။

ဒီဇင်ဘာ ၂၅ ရက်ထုတ် သတင်းစာများတွင် ကိုဟုတ်ကြိုင် အား ပြန်ပေးဆွဲသွားခြင်းခံရသည့် သတင်းများကို ၆ လိုင်း စာလုံးကြီးများ ဖြင့် ဖော်ပြကြလေသည်။ သတင်းစာတိုက်အသီးသီးမှ မှုခင်းသတင်း ထောက်များ စုံစမ်းထောက်လှမ်း၍ရသည့်အတိုင်း ရေးသားဖော်ပြခြင်း ကြောင့် ထိုသတင်းသည် ရန်ကုန်မြို့တွင် ဖြစ်ပွားသည့် ရာဇဝတ်မှုများ ထဲ၌ စိတ်ဝင်စားစရာကောင်းသည့် သတင်းတစ်ပုဒ် ဖြစ်နေသည်။

"အလုပ်တစ်ခုလုပ်ဖို့ ခင်ဗျားတို့ကို ရှောင်နေရတာနဲ့ အချိန်ကုန် တာပဲ"

"ကိုယ့်အလုပ် ကိုယ်လုပ်တာပဲ၊ ရှောင်စရာ မလိုပါဘူးဗျာ"

ရန်ကုန်ရဲအဖွဲ့မှ ရဲအရာရှိတစ်ဦးက သတင်းထောက်တစ်ဦးကို ကိုဟုတ်ကြိုင်အမှုနှင့်ပတ်သက်၍ အနှောင့်အယှက်ဖြစ်နေသည်ဟု ပြော၍ သတင်းထောက်ကလည်း ဟုတ်တိုင်းမှန်ရာ ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ အမှန်မှာ ရန်ကုန်မြို့တွင် ဤလို ရာဇဝတ်မှုကြီးများ ဖြစ်သော အခါ ရဲအဖွဲ့ဝင်များကလည်း သူတို့ ဝတ္တရားအရ ဆောင်ရွက်ခြင်းဖြစ် သလို သတင်းထောက်များကလည်း သူ့တာဝန်အရ ဆောင်ရွက်ခြင်းပင်

mgyoe.com

mgyoe.com


ဖြစ်လေသည်။

အခင်းဖြစ်ပွားခဲ့သည်မှာ ငါးရက်မျှကြာခဲ့လေပြီ။ ရဲအနေဖြင့် ပျောက်ဆုံးနေသူ ကိုဟုတ်ကြိုင်နှင့်ပတ်သက်၍ သတင်းမရသေး။ စုံစမ်းဆဲ ဖြစ်သည်။ အမှုတစ်ခုဖြစ်၍ သတင်းရသည်ဆိုသည်မှာ အရပ်သူ အရပ်သားများထံမှ ရခြင်းဖြစ်သည်။ ထို့ကြောင့် ရဲအဖွဲ့ဝင်များသည် အရပ်သူအရပ်သားများနှင့် ရောနှောနေထိုင်ကြရသည်။ ကိုဟုတ်ကြိုင် ပျောက်ဆုံးနေမှုကို နီးစပ်ရာ အရပ်သူအရပ်သားများနှင့် ရောနှောခဲ့ကြသော်လည်း သတင်းအစမရ သတင်းမှောင်ကျနေသည်။

❖

mgyoe.com

mgyoe.com

# ၅

အခင်းဖြစ်ပြီးနောက် ဇန်နဝါရီလ ၅ ရက်နေ့နံနက်တွင် –

"ဟဲ့နွား... ဟဲ့ကောင်ကြီး ဘယ်လဲ"

၉ မိုင် တရုတ်သင်္ချိုင်း၌ မောင်အောင်ထွန်းမှာ နွားတစ်အုပ်နှင့် အလုပ်ရှုပ်နေသည်။ ၉ မိုင် တရုတ်သင်္ချိုင်းမှာ ရန်ကုန်နှင့် အလှမ်းကွာဝေးသည့် နေရာတစ်ခုဖြစ်၍ ကျယ်ဝန်းပြီး ချုံနွယ်နှင့် ဝါးပင်များကြောင့် ကြောက်ရွံ့စရာ ကောင်းလှသည်။ တရုတ်သင်္ချိုင်းနှင့် လူနေအိမ်ခြေမှာလည်း အလှမ်းကွာဝေးသောကြောင့် လူပြတ်၍ အသွားအလာရှင်းသည့် နေရာတစ်ခု ဖြစ်လေသည်။

မောင်အောင်ထွန်းသည် နွားတစ်အုပ်ကို တဖြည်းဖြည်း မောင်း၍ မြက်ခင်းထူရာသို့ မ,လာသည်။ နွားများမှာလည်း မောင်အောင်ထွန်း၏ မ,ရာသို့ တဖြည်းဖြည်း ပါလာကြသည်။

နွားကျောင်းသူ၏ သီချင်းသံသည် တရုတ်သင်္ချိုင်းအတွင်း၌ လွင့်လျက်ရှိသည်။ နွားတစ်အုပ်နှင့် သီချင်းကျူးနေရခြင်းသည်ပင် နွားကျောင်းသားဘာဝ သာယာကြည်နူးဖွယ် ဖြစ်သည်။ သင်္ချိုင်းအဝင်ပေါက်

mgyoe.com

mgyoe.com


မှ ခရီးအကွာအဝေးတွက်ဆလျှင် ကိုက် ၂၀၀ ခန့် ရှိသည့်နေရာသို့ ရောက်သွားသည့်အခါ နွားများမှာလည်း မြက်ခင်းရှိရာသို့ တိုးဝှေ့စား သောက်နေကြလေသည်။ ထိုနေရာ၌ ပေါက်ရောက်နေသော ဝါးရုံတော များသည် တစ်ဖက်မှ ကြည့်လျှင် တစ်ဖက်ကို မမြင်ရလောက်အောင် ထူထပ်လျက်ရှိသည်။

နွားတစ်ကောင်သည် မောင်းသည့်ဘက်သို့မလာဘဲ တစ်ဖက် ဝါးရုံတောဘက်သို့ ဦးလှည့်သွားသောကြောင့် မောင်အောင်ထွန်းက နွားကို ငေါက်ငမ်း၍ လိုက်မောင်းစဉ် သူ့မျက်စိထဲ၌ မယုံကြည်နိုင် လောက်သည့် ထူးခြားချက်များကို မြင်လိုက်ရသည်။ စောစောက သူ့နှာခေါင်းထဲတွင် ပုပ်စော်နံသလိုလိုထင်ခဲ့သည်မှာ ဒါကြောင့်ဟု သိ သွားသည်။ သူမြင်ရသည့် အရာမှာ ဝါးရုံတောထဲတွင် ခေါင်းမရှိသော အရိုးစုဖြစ်သည်။ အရိုးစုများနှင့်အတူ အဝတ်အထည်များလည်း တွေ့ရသည်။ ထိုအရိုးစုများသည် တရုတ်သင်္ချိုင်းအုတ်ဂူတွင်းမှ ထုတ် ထားသည့် အရိုးစုများလည်း ဖြစ်နိုင်သည်ဟု စဉ်းစားမိသည်။

တရုတ်အသုဘများ ဂူသွင်းသင်္ဂြိုဟ်သည့်အခါ ထိုအလောင်း နှင့်အတူ အဖိုးတန်ပစ္စည်း ထည့်တတ်သည်ဆိုသော ကြားဖူးနားဝရှိခဲ့ဖူး သောကြောင့် စဉ်းစားခြင်းလည်း ဖြစ်နိုင်သည်။

မောင်အောင်ထွန်းမှာ အရိုးစုများ တွေ့ရပြီးနောက် ကြောက်ရွံ့ စိတ်များ ဖြစ်လာကာ နွားများကို ပြန်မ,၍သွားသည်။ လမ်းတွင် ဝါးခုတ်နေသူ နှစ်ဦးကို တွေ့ရသောကြောင့် –

"တရုတ်သင်္ချိုင်းထဲ လူသေတွေ့ခဲ့တယ်ဗျာ"

"ဂူထဲက ထုတ်ထားတာများလား မသိဘဲကွာ"

"မပြောတတ်ဘူး၊ တွေ့တာတော့ တွေ့တာပဲ"

၉ မိုင်တွင်နေသည့် နွားကျောင်းသား မောင်အောင်ထွန်း ဝါးခုတ်နေသူများအား အသို့နှယ်ပြောပြီး သူ့နွားများကို မ,၍ ထွက်သွား လေသည်။ မောင်အောင်ထွန်း တွေ့မြင်ရသော သတင်းသည် တစ်စ တစ်စ ပျံ့လွင့်၍ ရဲနားသို့ ပေါက်ကြားလာသည်။

ထိုနေ့ညနေ ၄ နာရီအချိန်တွင် အင်းစိန်မီးရထားနှင့် စုံထောက်

mgyoe.com

mgyoe.com

ဌာန လက်ထောက်ရဲမင်းကြီး ဦးခင်မောင်၏ တာဝန်ပေးချက်အရ ဦးဘမြင့်(ရဲမှူး) သည် သက်သေလူကြီး ဦးသိန်းမောင်၊ ဦးဝွမ်ကြည်တို့နှင့် အရိုးစုများ တွေ့ခဲ့သည်ဆိုသော ၉ မိုင် တရုတ်သင်္ချိုင်းသို့ ထွက်လာကြသည်။ ရန်ကုန်ထဲ၌ရှိသော ကိုဟုတ်ကြိုင်၏ဇနီး မအမာကိုလည်း ၉ မိုင် တရုတ်သင်္ချိုင်းထဲသို့ ခေါ်ဆောင်လာရန် ရန်ကုန်ရဲအဖွဲ့သို့ အကြောင်းကြားသဖြင့် လတ္တာလမ်းဌာနမှ ရဲအရာရှိများက မောင်ခိုင်လမ်းနေအိမ်မှ မအမာကို ခေါ်သွားကြသည်။

သင်္ချိုင်းအတွင်း ဝင်ပေါက်မှ ကိုက် ၂၀၀ ကွာခန့် ဝင်မိသောအခါ ဝါးရုံတောများ တွေ့ရသည်။ ဝါးရုံတောများ ပိုက်ဆို့ထားသောကြောင့် ပတ်ဝန်းကျင်ကို လှမ်းကြည့်၍ ရုတ်တရက် မမြင်ရပါ။ ဦးဘမြင့်နှင့် သက်သေများသည် ကိုက် ၂၀၀ ခန့် ဝင်မိရာမှ ညာဘက် ၄–၅ လံကွာခန့်သို့ ဝင်ကြည့်ကြသောအခါ စောစောက မောင်အောင်ထွန်းမြင်တွေ့ရသည့် ခေါင်းမပါသည့် အရိုးစုများကို တွေ့သည့်ပြင် အဝတ်အထည်များလည်း တွေ့ရသည်။ ဦးဘမြင့်တို့ကြည့်ရှုနေခိုက်မှာပင် မအမာနှင့် ရဲအဖွဲ့ဝင်များ ထပ်၍ ရောက်လာကြသည်။

"ဒေါ်အမာ ဒီအဝတ်အစားတွေ ကြည့်စမ်းပါဦး"

ရဲအရာရှိက အရိုးစုတွင် ကပ်နေသော အဝတ်အထည်များကို ကြည့်ခိုင်းလိုက်၍ မအမာကလည်း သေသေချာချာ ကြည့်သည်။

အရိုးစုနား၌ တွေ့ရသောအထည်များမှာ (၁) သက္ကလတ်ဘောင်းဘီရှည်တစ်ထည်၊ (၂) သိုးမွေးခြေအိတ် အနက်တစ်ဖက်၊ (၃) ခါးပတ်တစ်ခု၊ (၄) လက်ကိုင်ပဝါတစ်ထည် (၅) ငွေတစ်ကျပ်တန်စက္ကူတစ်ချပ်၊ (၆) အတွင်းခံဘောင်းဘီဖြူတစ်ထည် (၇) စွပ်ကျယ်တစ်ထည်တို့ပင် ဖြစ်သည်။

မအမာက အဝတ်အထည်များကို ကြည့်ပြီးနောက် သူ့နှလုံးသားများ တုန်လှုပ်လာသည်။ အခင်းဖြစ်နေ့က သူ့ယောက်ျား ကိုဟုတ်ကြိုင်ဝတ်ထားသည့် အဝတ်အစားများမှာ ထိုအဝတ်အစားများသာဖြစ်၍ သူ့ယောက်ျားသာ ဖြစ်ရမည်ဟု ထင်မြင်ချက်ပေးလိုက်သည်။

ရဲအရာရှိများနှင့် သက်သေများသည် ထိုအရိုးစု တွေ့သည့်
mgyoe.com

mgyoe.com


နေရာနှင့် မလှမ်းမကမ်းနေရာများသို့ ရှာဖွေကြည့်ကြသည့်အခါ အရိုးစုတွေ့သည့် နေရာနှင့် ၄–၅ လံကွာခန့်ရှိ ဝါးရုံတောတစ်ခုထဲတွင် ဦးခေါင်းရိုးများ တွေ့ရပြန်သည်။ ထိုဦးခေါင်းရိုးကို မအမာအား ခေါ်ပြကြသည့်အခါ ရုပ်ပျက်ဆင်းပျက်ဖြစ်၍ မှတ်မိနိုင်စရာမဟုတ်သော်လည်း သုံးဆယ့်နှစ်ချောင်းသော သွားများထဲတွင် ရွှေသွားများကို မြင်ရ၍ သူ့ယောက်ျားမှ သူ့ယောက်ျားဖြစ်ကြောင်း တပ်အပ်ပြောလေသည်။

အရိုးစုနှင့် ဦးခေါင်းခွံကို မြင်ရပြီးနောက် မအမာစိတ်ထဲတွင် သူ ပေါင်းသင်းလာခဲ့သော လင်ယောက်ျားအတွက် စိတ်ထိခိုက်ရသည်။ လူသတ်သမားတို့၏ ရက်စက်မှုကြောင့် မအမာနှင့် သမီးများမှာ ကြေကွဲမှုကို ခံစားကြရလေပြီ။ ရဲမှူးဦးဘမြင့်သည် အရိုးစုနှင့်ခေါင်းရိုးကို ကားတစ်စီးပေါ်တင်၍ တွေ့ရှိသော အထည်များကို ရှာဖွေပုံစံတွင်ရေး၍ သက်သေ လူကြီးများရှေ့တွင် သိမ်းလေသည်။ အရိုးစုများကို အင်းစိန်ဆေးရုံသို့ ပို့လိုက်လေသည်။

ကိုဟုတ်ကြိုင်မှာ လူသတ်သမားလက်ချက်ကြောင့် သေဆုံးသွားရသည်မှာတော့ တွေ့ရှိသောသက်သေခံ အထောက်အထားများအရ ထင်ရှားလေပြီ။ ကိုဟုတ်ကြိုင်ကို သတ်သွားသည့် လူသတ်သမားများ ဖမ်းမိရန်သာ လိုသည်။ ထိုလူသတ်မှုကြီးဖမ်းဆီးရန် အင်းစိန်စုံထောက်အဖွဲ့နှင့် ရန်ကုန်ရဲအဖွဲ့ဝင်များ မျက်ခြည်အပြတ်မခံဘဲ စုံစမ်းကြရသည်။

အလောင်းတွေ့ပြီး တရားခံဖမ်းဖို့ ရှာဆဲ။

စောပီတာနှင့်ပတ်သက်၍မူ ကိုဟုတ်ကြိုင်နှင့်အတူ အသတ်ခံရသည်ဆိုသော သတင်းမရှိ။ အလောင်းလည်း မတွေ့။ သို့သော် စောပီတာမှာ ရန်ကုန်မြေလှန်၍ ရှာသည့်တိုင်အောင် မတွေ့သောကြောင့် ကိုဟုတ်ကြိုင်သတ်မှုတွင် စောပီတာသည် အဓိက ဇာတ်ကောင်တရားခံဖြစ်ရမည်ဟု မှတ်ချက်ပြုကြသည်။ စောပီတာကို ဖမ်းဆီးနိုင်ရေးမှာလည်း ကမ္ဘာမြေတွင် ပျောက်ဆုံးနေသူအား ရှာဖွေရသည့်အလား။

ထိုအမှုကို တာဝန်ယူစစ်ဆေးရသော အင်းစိန်စုံထောက်အဖွဲ့မှ ဦးဝင်းစိန်၏အမိန့်အရ ရဲမှူးဦးသန်းဖေသည် အင်းစိန်ဆေးရုံသို့ ဦးဘမြင့် ပို့ထားသော အရိုးစုများနှင့် ခေါင်းခွံရိုးများကို ရန်ကုန်ဆေးရုံကြီးမှ

mgyoe.com

mgyoe.com


ဆရာဝန် ဦးမောင်မောင်တိတ်ထံသို့ ၁၉၅၉ ခု၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ပို့လိုက်လေသည်။

ကိုဟုတ်ကြိုင် ဟုတ်ကြောင်းပို၍ သေချာအောင် အရိုးစုနားမှ တွေ့ရသည့် ဘောင်းဘီရှည်တွင်ရှိသော ပင်မင်းဆိုင်မှ နံပါတ်များကို ကူးယူ၍ ကိုဟုတ်ကြိုင် အမြဲပင်မင်းပေးသည်ဆိုသော မောင်ခိုင်လမ်း အမှတ် ၁၂၃ ရှိ နေကြူကြူပင်မင်းဆိုင်သို့ သွားရောက်စစ်ဆေး၍ အလား တူပေးခဲ့သော လက်ခံဖြတ်ပိုင်းများကို သိမ်းဆည်းသည်။ အလုံ၊ ဆင်နင်းကွက်သစ်၊ ကမ်းနားလမ်း၊ အိမ်အမှတ် ၃၁၉ နေ သွားစိုက်ဆရာ ဦးဆက်သိန်းခေါ် ဦးမြသင်းဆိုင်မှ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နံနက်၌ ဒေါ်အမာနှင့် ဦးဟုတ်ကြိုင်တို့နှစ်ယောက် ပလက်တီနမ်ရွှေသွား စိုက်ခဲ့လေသည်။ ဘောက်ချာဖြတ်ပိုင်းသိမ်း၍ သွားစိုက်ဆရာကို စစ်ဆေးခဲ့သည်။ သွားစိုက်ဆရာကလည်း ကိုဟုတ်ကြိုင်၏ဝဲဘက် အပေါ်သွား နံပါတ် ၂ သွားကို နဘောတပ် ပလက်တီနမ်သွားကို စိုက်ပေး လိုက်ရကြောင်း ထွက်ဆိုသောကြောင့် ကိုဟုတ်ကြိုင် မှန်ကန်ကြောင်း သက်သေခံအထောက်အထားများ ပြည့်စုံပြီဟု ဆိုရချေမည်။

ကိုဟုတ်ကြိုင်အလောင်း ဖြစ်သည်မှာတော့ ခိုင်လုံပါပြီ။ သူ့ အဝတ်အစား၊ သူ့ခန္ဓာအရိုးစုနှင့် ခေါင်းပိုင်း၌တွေ့ရသော ရွှေသွားတို့က သက်သေခံနေသည်။ အငြင်းပွားစရာမရှိတော့။ ကိုဟုတ်ကြိုင်မှ ကိုဟုတ်ကြိုင်။

❖

mgyoe.com

mgyoe.com

# ၆

သာမန် စုံစမ်းထောက်လှမ်းရုံနှင့် ဤအမှုမပေါ်နိုင်။

ကိုဟုတ်ကြိုင်၏အစ်ကို ကိုဟုတ်ကျော်ကလည်း ညီတစ်ယောက်လုံး ဆုံးရှုံးရသောကြောင့် ထိုအမှု ပေါ်ပေါက်ရေးအတွက် ဆန္ဒပြင်းလျက် ရှိသည်။

ခြေရာခံ၍ လိုက်လာသူတို့နှင့် ကိုဟုတ်ကြိုင် အသတ်ခံရမှု တရားခံအစစ်အမှန်တို့သည် ဘယ်နေရာမှာ လွဲချော်နေကြသည်မသိ။ ရက်တွေကုန်ဆုံး၍ လတွေ ညောင်းခဲ့လေပြီ။ တရားခံမိပြီဆိုသည်ကို ထားဘိဦး။ သဲလွန်စပင်ရသည်ဟု မကြားရ။ သတင်းကြားရပြန်တော့လည်း ဟုတ်မှ ဟုတ်ပါလေစ၊ မှန်မှမှန်ပါလေစဟု သံသယနှင့် တွေးစရာသတင်း ဖြစ်နေသည်။

တစ်နေ့ ကမ်းနားလမ်း ရဲမင်းကြီးရုံးရှေ့သို့ သတင်းယူရန် သွားခဲ့သည်။ ရဲမင်းကြီးရုံးပေါက်ဝတွင် အငြိမ်းစားယူထားသည့် ရဲအရာရှိတစ်ဦးနှင့် တွေ့ရသည်။ ကျွန်တော်နှင့်တွေ့လျှင် –

"ခင်ဗျားတို့ သတင်းထောက်တွေ ညံ့တာပဲ၊ ခင်ဗျားတို့ လည်တယ်ဆိုတာ ဘယ်မှာလဲ"

မြင်မြင်ချင်း ဆောက်နဲ့ထွင်းသည့်နှယ် ပြောလိုက်ခြင်းကို ခံရသည်။

mgyoe.com

mgyoe.com


"ဘာကိုဆိုလိုတာလဲ ဆရာကြီးရဲ့၊ အရင်းမရှိ အဖျားမရှိဗျာ"
ကျွန်တော်က ပြုံးပြုံးပင် ပြန်မေးလိုက်သည်။

"ခင်ဗျား အခု ဘယ်လဲ"

"အပေါ်သွားမလို့"

"ဒါပဲတတ်တယ်"

ထိုပင်စင်စား ရဲအရာရှိ ပြောဆိုလိုရင်းမှာ ရာဇဝတ်မှုသတင်းထောက်များသည် အချိန်တန် ရဲမင်းကြီး ရုံးလာ၊ မှုခင်းမှတ်ပုံတင်ဌာနသို့ အသီးသီး ပေးပို့ထားသည့် ၂၄ နာရီ မှုခင်းအစီရင်ခံစာ ဖတ်၊ ကူးယူပြီး ပြန်သတင်းရေး၊ ထိုအလုပ်ပဲ လုပ်ကြသည်ဟု ပြောလိုက်ခြင်းဖြစ်သည်ကို ကျွန်တော် နားလည်လိုက်ပါသည်။ ပင်စင်စား ရဲအရာရှိ၏ခေါ်ရာ လက်ဖက်ရည်ဆိုင်သို့ ကျွန်တော် လိုက်ခဲ့သည်။ သူကပင် ဒကာခံ၍ လက်ဖက်ရည်၊ မုန့်များ မှာလိုက်သည်။

"ကဲ... ဆိုစမ်းပါဦး၊ ကျွန်တော်တို့ ဘာညံ့တာလဲ"

"ဟုတ်ကြိုင်အမှုလေဗျာ"

အမှုတစ်ခုဖြစ်လျှင် ထင်ပေါ်သည့်အမည်တစ်ခုကို ရှေ့တန်းတင်၍ ပြောတတ်သည့်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကြိုင်အမှု ဘာဖြစ်သလဲ၊ တစ်နှစ်ကျော်ကြာပြီလေ၊ တရားခံ မမိသေးဘူး၊ ဒါသိသားပဲ"

"အဲဒါကြောင့် ညံ့တယ် ပြောတာပေါ့၊ ပွတဲ့လူတွေ ပွကုန်ကြပြီ ဆိုပါလား၊ အမှုက သူဌေးအမှုမဟုတ်လား"

ကျွန်တော်သည် ထို အငြိမ်းစားရဲအရာရှိစကားကြောင့် တော်တော် အံ့အားသင့်သွားသည်။ တရားခံလည်း မပေါ်သေး၊ ဖမ်းလည်း မဖမ်းရသေးဘဲနှင့် ဘယ်လို ပွကြသည်ကိုတော့ စဉ်းစားမရနိုင်အောင် ဖြစ်ရသည်။

"ကဲ... ပွပုံပွနည်းလေးသိရအောင် ရှင်းလင်းစမ်းပါဦး"

ကျွန်တော့်အမေးကို ပင်စင်စား ရဲအရာရှိကြီးက ရုတ်တရက် အဖြေမပေးသေးဘဲ ဝက်သားပေါင်းကို ငရုတ်ရည်တွင်တို့၍ အဆက်မပြတ် စားနေသည်။ သူ၏ ပြောင်းလဲသွားသည့်အခြေအနေကို အကဲ

mgyoe.com

mgyoe.com


ခတ်ရသည်မှာ ပြောကောင်းနိုးနိုး မပြောဘဲနေရကောင်းနိုးနိုးနှင့် စဉ်းစားနေဟန်ကိုလည်း မြင်နေသည်။ ပါးစပ်ထဲမှစားထားသော ဝက်သားပေါင်း ကုန်သွားပြီးနောက် လက်ဖက်ရည်ကို ဆက်၍ သောက်နေပြန်သည်။

"ဘယ်လိုလဲ ပြောမှာလား"

"မရှိလို့ လုပ်စားတာ... ဖြည်းဖြည်းပေါ့လေ"

သူ့ထံမှ ကြားရသည့်စကားဆန်းများသည် ဦးဟုတ်ကြိုင် အသတ်ခံရမှုအတွက် စိတ်ဝင်စားစရာများ ဖြစ်မည့်ပြင် ဘာကြောင့် တရားခံကို ယခု အချိန်အထိ မမိသေးသည်ကိုလည်း သိရမည်ဟု မျှော်လင့်သည်။ သို့သော် သူပြောပြလာသည့်အခါမှ သူ့စကားများသည် တစ်ခါတစ်ရံ ကိုယ်တိုင်သိသလို ထင်ရပြီး အပြီးသတ်ကျခါမှ တစ်ဆင့်ကြားစကားလိုလို ဖြစ်သွားရလေသည်။

မရေရာသော သူ့စကားများသည် ပုံသေကားကျ အမှန်ဟု အတိအကျ မယူဆနိုင်သော်လည်း ကျွန်တော့်အဖို့ စဉ်းစားဖွယ်ရာ ဖြစ်လာရသည်။ ကိုဟုတ်ကြိုင်အသတ်ခံရမှုတွင် ဘယ်သူတွေက တာဝန်ရှိသူတွေနှင့် ပေါင်း၍ ဘာတွေလုပ်နေသည်ဆိုသည်ကိုတော့ ပွင့်ပွင့်လင်းလင်း မရှိပါ။ တာဝန်ရှိသူများနှင့် နိုင်ငံရေးသမားဆိုသူ အချို့သည် သန်လျင်မြို့သို့ ကူးသွားကြပြီး ထိုအမှုတွင် ဆက်စပ်နေသူများနှင့် ဆုံကြလေသည်။ ပြောကြဆိုကြသည်။ ဤတွင် မဟုတ်သေး။ ရန်ကုန်မြို့ပြင်မှ တရုတ်ပျော်ပွဲစားရုံများတွင်လည်း ချိန်းတွေ့၍ စားရင်းသောက်ရင်းနှင့် ပြောကြဆိုကြသည်ဟု ဆိုသည်။ ထိုသတင်းများသည် သူကိုယ်တိုင် သိသလိုလိုနှင့် အပြီးသတ်သည့်အခါ တစ်ဆင့်ကြားသလိုလို၊ ဟိုကကြားသလို၊ ဒီကကြားသလိုနှင့် အဆုံးသတ်လိုက်သည်။ သူက ဆိုသေးသည် –

"ကျန်တဲ့အပိုင်းတော့ ပိတ်ကားပေါ် ဆက်ကြည့်ဆိုတော့ ခင်ဗျား တို့တာဝန်ပေါ့"

သူ့စကား၏အဓိပ္ပာယ်ကို ကျွန်တော် ဤမျှသာ နားလည်သည်။ သူ့စကားကို လေမှတစ်ဆင့်သယ်ဆောင်၍ ကြားရသလို

mgyoe.com

mgyoe.com


လေထဲ၌ ပျောက်ပျက်မသွား၊ ကျွန်တော့်အဖို့ တစ်နှစ်ကျော်အချိန်အထိ အမှုမပေါ်သေးခြင်းနှင့် ပတ်သက်၍ ဆက်စပ်စဉ်းစားရသည်။

လူ့ဂုဏ်သိပ်သည်းစွာ စုံစမ်းထောက်လှမ်းကြသူများနှင့် လူသတ်တရားခံတို့သည် တစ်နေရာ တစ်ကွေ့တွင် ဆုံစည်းမိနေကြပြီလော သို့မဟုတ် ထိုပြောဆိုသူသည် စိတ်ကူးနှင့် ပြောဆိုခြင်းလောဆိုသည်ကို စဉ်းစားစရာ ဖြစ်လာသည်။

ထိုခေတ်အချိန်က တစ်လတစ်ကြိမ်ခန့် ရန်ကုန်ရဲမင်းကြီးများ၊ လက်ထောက်ရဲမင်းကြီးများနှင့် သတင်းစာဆရာများ တွေ့ဆုံခွင့်ရကြသည်။ ထိုတွေ့ဆုံသည့် မျက်နှာစုံညီ ပြောကြ ဆိုကြသည့် စကားဝိုင်းကို Press Confrence ဟု ခေါ်သည်။

နေ့ရက် အတိအကျတော့မမှတ်မိပါ။ ရဲမင်းကြီး (Press Confrence) တွင် သတင်းစာဆရာနှင့်တွေ့သည့် စကားဝိုင်းသို့ ကျွန်တော်လည်း တက်ရောက်ခဲ့ပါသည်။ ရဲမင်းကြီးက ရန်ကုန်မြို့ ယာဉ်တိုက်မှုများ တားဆီးကာကွယ်ရန်အတွက် လူထုကို ပညာပေးမည့်လုပ်ငန်းနှင့် ရဲမှ လမ်းစည်းကမ်းများအတွက် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို ရှင်းလင်းပြောပြပါသည်။ ထိုအချိန်က ယာဉ်တိုက်မှုများသည် ရန်ကုန်မြို့ကြီးနှင့် မလိုက်အောင် များပြားလှပါသည်။

"ကဲ... သတင်းစာဆရာတွေ မရှင်းတာရှိရင် မေးကြပါ၊ အကြံဉာဏ်ပေးစရာမြင်ရင်လည်း ပြောပြပါ"

ရှင်းလင်းပြောဆိုပြီး၍ သတင်းစာဆရာများ အလှည့်ပေးလိုက်သည်။ ပြုပြင်ထိန်းသိမ်းသွားမည့် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးနှင့် ပတ်သက်၍ မသိတာမေးကြသည်။ အကြံဉာဏ်တွေ ပေးကြသည်။ မြို့တော်တွင် လူဦးရေတိုးလာသည်။ တဲအိမ်များလည်း လမ်းဘေးတွင် အများအပြား ရှိသည်။ ထို့ကြောင့် ယာဉ်မောင်းသူတို့ ပို၍ သတိဝီရိယ ထားသင့်သည် စသော အကြံပေးချက်များလည်း ပါသည်။ ရဲအဖွဲ့မှ ဥပဒေအရ ယာဉ်မောင်း စည်းကမ်းဖောက်ဖျက်သူတို့ကို တိတိကျကျ အရေးယူရန် လာဘ်ပေးလာဘ်ယူနှင့် မတင်းတိမ်သင့်ကြောင်းလည်း ပြောပြသည်။

mgyoe.com

mgyoe.com


ပြီးမှ အခြားထွေရာလေးပါးစကားကို ရဲမင်းကြီးက ညှော်ခံ ကျွေးမွေးသော လက်ဖက်ရည်နှင့် စမူဆာကို စားရင်း ပြောကြပြန်သည်။

ကိုဟုတ်ကြိုင် သတ်မှုနှင့်ပတ်သက်၍ ဤအချိန်အထိ တရားခံ မသိသေးသည့်အမှုဆီသို့ စကားဦးလှည့်လာကြသည်။ အမှုတစ်ခု ဤမျှ ကြာနေခြင်းသည် ရဲအပေါ် လူထုက ယုံကြည်ကိုးစားမှုနည်းအောင် ဖန်တီးပေးသလို ဖြစ်သည်။ အမှုအခြေအနေကို သိပါရစေဟု မေးကြသူ များ ပေါ်လာသည်။

တစ်ယောက်သော သတင်းထောက်ကမူ –

"ရဲအဖွဲ့အနေနဲ့ ကိုဟုတ်ကြိုင်သတ်မှုကို အချိန်မီ တရားခံ မဖမ်း ပေးနိုင်တာကတော့ ရှက်ဖို့ကောင်းတယ်"

ဤသို့ တဲ့တိုးပြောချလိုက်သည်။

လက်ထောက်ရဲမှူးကြီးက အမှုတစ်ခုဖြစ်သည့်အခါ မည်မျှ ခက်ခဲကြောင်း၊ အမှုပေါ်ပေါက်ရေးဆိုသည်မှာ စိတ်ကူးယဉ်၍မရ ကြောင်း၊ တရားခံအစစ်အမှန် ဖမ်းဆီးမိရေးကို စုံထောက်အဖွဲ့မှ ကြိုးစား နေကြောင်း ပြန်လည်ရှင်းပြသည်။

မှန်ပါသည်။ လက်ထောက်ရဲမင်းကြီး ရှင်းပြသလို အမှုတစ်ခု ဖြစ်လာလျှင် တစ်ခါတစ်ရံ လျင်လျင်မြန်မြန် ဖမ်းမိတတ်သလို တစ်ခါ တစ်ရံ ခဲရာခဲဆစ်လိုက်ရသည့် အမှုများလည်း ရှိပါသည်။ တရားခံ တကယ်ပျောက်နေသည်ဆိုပါက အဖြေကို လက်ခံရပေမည်။ တရားခံ မပျောက်ဘဲ တိမ်းရှောင်ခွင့်ရနေသည့်သဘောဆိုပါက ထိုအဖြေသည် ကျေနပ်ဖွယ်ကောင်းသည့် အဖြေမဟုတ်ပါ။

ရဲမင်းကြီးနှင့် သတင်းစာဆရာများ တွေ့ဆုံပွဲတွင် ကိုဟုတ်ကြိုင် အသတ်ခံရမှုနှင့် စပ်လျဉ်း၍ ဤမျှသာ နိဂုံးချုပ်ခဲ့ကြသည်။ ဘာမျှ ထွေထွေထူးထူး သတင်းမပေါ်၊ စုံစမ်းဆဲ လိုက်ဆဲ ကြိုးစားဆဲသာ ရှိပါ သေးသည်။

❖

mgyoe.com

mgyoe.com

# ၇

ကိုဟုတ်ကြိုင်ကိုသတ်သွားသော တရားခံများမိပြီဆိုသော သတင်းကို သတင်းထောက်များသာ မျက်စိနှင့် နားဖွင့်နေကြသည် မဟုတ်ပါ။ ဤအမှုပေါ် စိတ်ဝင်စားသူတိုင်းက မျှော်လင့်နေကြသော သတင်း ဖြစ်ပါသည်။ ဘာကြောင့် ဤအမှုပေါ် စိတ်ဝင်စားရသနည်း။ ပင့်ကူအိမ်ကဲ့သို့ ရှုပ်ထွေးပွေလီနေသော ဖြစ်ရပ်များနှင့် ပေါင်းစပ်နေသော မှုခင်းတစ်ခုဖြစ်ခြင်းကြောင့် စိတ်ဝင်စားနေကြခြင်း ဖြစ်ပေသည်။

ထိုအမှုသတင်းကို မျက်စိဖွင့် နားစွင့်နေကြသည်။ ကျွန်တော်တို့ ရေလိုက်လွဲခဲ့ပုံကိုလည်း ဖော်ပြရပါမည်။ ရဲအဖွဲ့မှ တရားခံဖမ်းဆီး မမိသေးတိုင်း ရန်ကုန်ရဲအဖွဲ့အား ညံ့ဖျင်းသည်ဟု ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ရန်ကုန်ရဲအဖွဲ့ပေါ် သဲသဲမဲမဲ ဝေဖန်နေခြင်း၏အမှားကို ရဲမင်းကြီး သတင်းစာ ကွန်ဖရင့်ကျင်းပပြီးမှ ထင်ထင်ရှားရှား သိလာကြရသည်။ ရန်ကုန်နယ်နိမိတ်အတွင်းဖြစ်ပွားသော မှုခင်းဖြစ်၍ ရန်ကုန်ရဲအဖွဲ့ကသာ တာဝန်ယူစုံစမ်း ထောက်လှမ်းနေသည်ဟု ကနဦးက ဤအတိုင်းထင်ခဲ့သည်။ သတင်းစာကွန်ဖရင့်တွင် "ဒီအမှုကို စုံထောက်အဖွဲ့ တွဲလိုက်ပါပြီ"

mgyoe.com

mgyoe.com


ဆိုသော စကားကြား ရမှ "ဒို့ထင်တာနဲ့ ဖြစ်နေတာ တခြားစီပါလား" ဆိုသည်ကို သိရှိလာရသည်။

ပထမ ကိုဟုတ်ကြိုင် အသတ်ခံရမှုကို ရန်ကုန်ရဲအဖွဲ့မှ အမှုဖွင့်၍ စစ်ဆေးခဲ့သော်လည်း သက်သေပစ္စည်းများ သိမ်းဆည်းပြီးနောက်ပိုင်း အမှုအခြေအနေမှာ ပိုမိုရှုပ်ထွေးဖွယ်ရာများ ပေါ်ပေါက်လာသောကြောင့် စုံထောက်အဖွဲ့သို့ စုံထောက်မှုနှင့် လွှဲအပ်လိုက်ခြင်းဖြစ်သည်။ အင်းစိန် စုံထောက်ဌာနမှ ရဲဝန်ထောက် ဦးဝင်းစိန်၊ ရဲမှူး ဦးမောင်မောင်ကြီးနှင့် တပည့်တပန်းများက ထိုအမှုမှ တရားခံဖမ်းဆီးရေးအတွက် လျှို့ဝှက်သိပ်သည်းစွာ ဆောင်ရွက်နေကြသည်။

အခင်းဖြစ်ပြီး နောက်တစ်နေ့နံနက်တွင် ဖမ်းဆီးခဲ့သော သူဌေး ဦးဘိုးလှ (ယခု ဒေါ်နုကိုယ်စားလှယ်) ဦးပျော့ကို ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ရမန်ယူ၍ ထောင်ကြီးချုပ်ကို ပို့ခဲ့သည်။ ၁၉၆၇ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ရမန်ရက်စေ့၍ ထောင်ကြီးမှထုတ်၍ ခံဝန်ပြုလုပ်ပြီး လွှတ်လိုက်သည်။ ဦးပျော့နှင့်အတူနေ မောင်တင်ထွန်းမှာမူ အခင်းဖြစ်ပြီးနောက် တစ်နေ့နံနက်တွင် လတ္တာလမ်းနေ(ယခု လသာရဲဌာန)သို့ ခေါ်ဆောင်သွားပြီး ရဲအဖွဲ့ဝင်များက မေးမြန်းစရာရှိသည်များကို မေးမြန်း၍ ပြန်လွှတ်ခဲ့သည်။ ဒေါ်စွမ်တီ၏သား ချစ်တီးကိုလည်း တစ်စုံတစ်ရာ ငြိစွန်းချက်မတွေ့ရသောကြောင့် ပြန်လွှတ်ထားခဲ့သည်။

ဖမ်းဆီးခြင်းခံရသောသူများ ပြန်လွှတ်ပြီးနောက်တွင် ယင်းအမှုကြီးနှင့်စပ်လျဉ်း၍ ဖြစ်နိုင်မည်ထင်ရသော "ကွင်းဆက်"များ ရှာဖွေထောက်လှမ်းကြသည်။ ဦးဝင်းစိန်ကြီးမှူးသော စုံထောက်အဖွဲ့ဝင်များ၊ တရားခံ ဖမ်းဆီးမိရေးအတွက် စုံစမ်းထောက်လှမ်းနေကြဆဲတွင် အပုပ်နံ့သတင်းတစ်ခုသည် ခုန်ပေါက်ကျော်လွှား၍ ပြင်ပလောကသို့ ထွက်လာသည်။ ထိုသတင်းကား ကိုဟုတ်ကြိုင်အား လူသတ်သမားများ သတ်သွားသော အမှုကြီးကို အကြောင်းပြု၍ အမွေမှုကြီးတွင် တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခ ပြင်းထန်နေကြသူများထဲမှ တစ်ဖက်သောပုဂ္ဂိုလ်များသည် ထိုအကွက်ကို ဖန်တီးပေးနိုင်သည့် ပုဂ္ဂိုလ်များအား ရသည့်နည်းနှင့် ချဉ်းကပ်နေကြသည်ဆိုသော သတင်းပင်ဖြစ်သည်။ ထိုသတင်း

mgyoe.com

mgyoe.com


သည် အဘယ်မျှတိကျ၍ အဘယ်မျှမှန်ကန်မည် ဆိုခြင်းကို ဤအမှု တစ်ခုလုံး ဖြစ်ပျက်မှုများကို ဖတ်ရှုလေ့လာပြီးသည့်အခါ မိမိစိတ်အာရုံ၌ ထင်ပေါ်လာရမည့်အချက်ဖြစ်၍ ကွင်းကွင်းကွက်ကွက် ဖော်ပြခြင်း မပြုသေးပါ။

ဒရိုင်ဘာစောပီတာသည် ဤအမှုကြီးအတွက် အဓိကဇာတ်ကောင် ဖြစ်နိုင်သည်ဆိုခြင်းမှာ အကြောင်းနှစ်ချက်ပေါ်တွင် အခြေခံ၍ စဉ်းစားကြခြင်း ဖြစ်သည်။ စောပီတာသည် သူဌေး ကိုဟုတ်ကြိုင်အား ကားမောင်းသင်ပေးရန် ခေါ်ဆောင်သွားသည့်အချိန်မှစ၍ ထိုအချိန်ထိ သူ့သတင်းမှာ ပြည်ဖုံးကားချထားသလို ဖြစ်နေသည်။ လူသတ်သမား လက်ချက်မိသွားလျှင် အလောင်းတော့ ကိုဟုတ်ကြိုင်လို့ပင် တွေ့ရမည်။ ယခုတော့မှု ကိုဟုတ်ကြိုင်အလောင်းသာ တွေ့ရပြီး စောပီတာလွတ်နေ သည်မှာ သေသည်ဟု ယူဆရန်ထက် ရှောင်တိမ်းနေသည်ဟု ယူဆရန် က ပို၍ အလေးတင်းလျက်ရှိသည်။ ထို့ကြောင့် ကိုဟုတ်ကြိုင် အသတ်ခံ ရမှုတွင် စောပီတာသည် အဓိက ဇာတ်ကောင်တစ်ကောင် ဖြစ်နိုင်သည် ဟု တွက်ဆရခြင်းဖြစ်လေသည်။

ရဲဝန်ထောက် ဦးဝင်းစိန်၊ ရဲမှူး ဦးမောင်မောင်ကြီးနှင့် တပည့် တပန်းတို့သည် ကိုဟုတ်ကြိုင်သတ်မှုမှ တရားခံများ စုံစမ်းထောက်လှမ်း ကြရာတွင် မြှုပ်ကွက်များ၊ လှည့်ကွက်များသည့် စိတ်ဝင်စားဖွယ်ရာများ သာ ဖြစ်လေသည်။ ထိုမြှုပ်ကွက်နှင့် လှည့်ကွက်များသည် တရားခံဆို သူတို့က ပြုလုပ်ခြင်းလော သို့မဟုတ် ဘယ်သူက လှည့်ကွက် မြှုပ်ကွက် လုပ်ကြသည်ကိုမူ တရားခွင်အပိုင်းကဏ္ဍသို့ ရောက်လာသည့်အခါ ပို၍ စိတ်ဝင်စားရပေမည်။

တကယ်အမှန် ဖြစ်ပျက်ခဲ့သော ဤလို စုံထောက်မှုမျိုးကို ရေးသားရသည်မှာ စိတ်ကူးယဉ် စုံထောက်ဝတ္ထုရေးသလို စိတ်ကူးရှိတိုင်း ချဲ့ထွင်၍ ပရိသတ်အကြိုက်တွေ့ရန် ရေးပုံရေးနည်းမျိုးနှင့် ပုံသွင်း၍ မရပါ။ တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များကို စာဖတ်ပရိသတ် စိတ်ဝင် စားမှုနှင့် ထိုခေတ် အချိန်ကာလနှင့် ဖြဲပျက်တတ်သော ပြုလုပ်ဟာတ် သော အလေ့အကျင့်များကို ဗဟုသုတအဖြစ် မှတ်ထားနိုင်ရန် မူလဖြစ်ရပ်

mgyoe.com

mgyoe.com


အမှန် ပျက်ယွင်းမသွားရအောင် သတိထား၍ ရေးသားရခြင်းဖြစ်၍ စုံထောက်ဝတ္ထုသက်သက် ဖတ်သည့်ပရိသတ် စိတ်ကြိုက်နှင့် ဆုံစည်းချင်မှ ဆုံစည်းမိပေလိမ့်မည်။ သို့သော် တကယ့်ဖြစ်ရပ်အမှန်များသည် စိတ်ကူးယဉ်ရေးသားသည့် ဇာတ်လမ်းများထက် စိတ်ဝင်စားစရာများ၊ လှည့်ကွက်မြုပ်ကွက်များ၊ သည်းထိတ်ရင်ဖိုစရာများအပြင် ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာများ ပါရှိသည်ကိုတော့ တွေ့မြင်ရပေမည်။

တရားခံက ရဲကို လှည့်ပတ်သည်လည်း ရှိသည်။ ရဲက တရားခံကို လှည့်ပတ်၍ တစ်ခါတစ်ရံ ဖန်တီးမှုပြုလုပ်တတ်သည်ကိုတော့ ကိုဟုတ်ကြိုင် သတ်မှု၏ ဖြစ်ရပ်များက ဖော်ပြမည်ဖြစ်လေသည်။ လတွေညောင်း၍ နှစ်ပင် ပြောင်းခဲ့သော ကိုဟုတ်ကြိုင် အသတ်ခံမှု ပထမပိုင်းကို အမှုစုံစမ်းထောက်လှမ်း၍ မည်သို့ ဖမ်းဆီးလိုက်ကြသည် ဆိုခြင်းကို အစပျိုး၍ ဇာတ်ကွက်ဖော်သင့်ပြီဟု ထင်ပါသည်။ ဤအမှုတွင် ပထမပိုင်းဟု ဆိုလိုက်ခြင်းကြောင့် ဒုတိယပိုင်းရှိသေးသည်ကို အလိုအလျောက် ပေါ်လွင်ပြီးသားဖြစ်မည်။ ဤအမှုတွင် ဒုတိယပိုင်းသာမက ပါ တတိယပိုင်းအထိ ဖော်ပြရမည့် ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်ခြင်းကြောင့် ရဲဝန်ထောက် ဦးဝင်းစိန်၊ ရဲမှူး ဦးမောင်မောင်ကြီးတို့ တာဝန်ယူစစ်ဆေးစုံစမ်း၍ တရားခွင်ထိ တင်ပို့သည့် ပထမပိုင်းကို ဇာတ်ပနက်ရိုက်၍ စရပါတော့သည်။

❖

mgyoe.com

mgyoe.com

# ၈

၁၉၅၆ ခု ဒီဇင်ဘာလ ၂၃ ရက်နေ့ ညဥ့်ဦးယံက ဖြစ်ပျက်ခဲ့သော သူဌေးကိုဟုတ်ကြိုင် အသတ်ခံရမှုသည် ၁၉၅၉ ခုနှစ်တွင်းသို့ ရောက်လာခဲ့သော် အဖြစ်အပျက်က ဤသို့ ပြန်လည်ဆန်းသစ်လာရပြန်သည်။

ညဥ့်ဦးယံအချိန်ဖြစ်၍ မြနန္ဒာပန်းခြံတွင် မှောင်ရိပ်များသမ်းလျက် ရှိသည်။ ဘတ်တမင်တန်ကစားကွင်းများက ကစားသူများမရှိသောကြောင့် လှုပ်ရှားမှုများမရှိပါ။ ထိုနေရာတစ်ဝိုက်တွင် လူအများအသွားအလာများ မိနေကြသော်လည်း ကိုယ့်ကိစ္စ ကိုယ့်အတွေး ကိုယ့်အာရုံနှင့်သာ သွားလာနေကြခြင်းဖြစ်၍ တစ်ဦးကိုတစ်ဦး ဂရုတစိုက်ထားကြမည်မဟုတ်ပါ။

ထိုအချိန်၌ အမိုးအဖြူရောင် အောက်ပိုင်းအပြာရောင်ခြယ်သထားသော အိုပယ်လ်ကားတစ်စီးသည် နန်းသီတာဟိုတယ်ရှေ့မှ မောင်းထွက်လာပြီး ဘတ်တမင်တန်ကွင်းကို ကျော်သွားပြီး ကမ်းနားလမ်းကိုဖြတ်ကျော်ကာ မိုလ်အောင်ကျော်လမ်းအတိုင်း တောင်မှမြောက်သို့

mgyoe.com

mgyoe.com


မောင်းသွားသည်။ ဗတိုစာတိုက်ကြီးအနီး ဗာဒံပင်မှောင်ရိပ်အောက်တွင် ရပ်ထားသော အနက်ရောင် ဆလွန်းကားတစ်စီးသည် စက်အဆင်သင့် နှိုးထားပြီးဖြစ်၍ အိုပယ်လ်ကားသွားရာနောက်သို့ ထက်ကြပ်မကွာ မောင်းလိုက်သွားလေသည်။

ဗိုလ်အောင်ကျော်လမ်းနှင့် အနော်ရထာလမ်းဆုံသို့ ရောက်သည့်အခါ အနော်ရထာလမ်းမကြီးတွင် အရှေ့အနောက် သွားနေသည့် ကားနှင့် ဆိုက်ကားများ အဆက်မပြတ်သေးသောကြောင့် အိုပယ်လ်ကားရပ်ထားရစဉ် နောက်မှပါလာသည့် ဆလွန်းကားမှ မီးသေးကိုမှိတ်၍ မီးကြီး ထွန်းလိုက်သဖြင့် အိုပယ်လ်ကား၏ ဒရိုင်ဘာခန်းတွင် သူဌေး ကိုဟုတ်ကြိုင်နှင့် ဒရိုင်ဘာ စောပီတာတို့၏ ခေါင်းပိုင်းကို ထင်ထင်ရှားရှား မြင်နိုင်သည်။ ဆလွန်းကားမှ မီးကြီးကို တစ်စက္ကန့်ပိုင်း အတွင်း၌ပင် ပြန်ပိတ်၍ အိုပယ်လ်ကားသွားရာ နောက်သို့ လိုက်လာသည်။ အိုပယ်လ်ကား ဗိုလ်ချုပ်လမ်း ညာဘက်ချိုး မောင်းသွားသည့်အခါ၌လည်း ဆလွန်းကားက ချိုးလိုက်လာသည်။

သိမ်ဖြူလမ်းပေါ်ရောက်၍ ကန်တော်ကြီးဘက်သို့ ရှေ့ဆင့်နောက်ဆင့် မောင်းနေကြစဉ် မြန်မာ့ဂုဏ်ရည်လမ်းအလွန်တွင် ရှေ့မှ သွားနေသည့် အိုပယ်လ်ကားသည် အရှိန်နှေးသွားပြီး လမ်းဘေးကျကျ ကပ်၍ မောင်းနေပြန်သည်။ ထိုအချိန်တွင် အနက်ရောင်ဆလွန်းကားသည် အိုပယ်လ်ကားကို ဖြတ်ကျော်၍ မောင်းတက်သွားစဉ် အိုပယ်လ်ကားမှ ဒရိုင်ဘာ စောပီတာသည် မီးလေးဖွင့်ထားရာမှ မီးကြီးကို စက္ကန့်ပိုင်းမျှဖွင့်၍ ပြန်ပိတ်လိုက်သည်။ ထိုအချိန်တွင် အနက်ရောင်ဆလွန်းကားမှ မောင်းသူသည် တစ်နာရီ ၂၅ မိုင်နှုန်း မောင်းနေရာမှ ၃၅ မိုင်နှုန်းအထိ တိုး၍ မောင်းလိုက်သောကြောင့် ကားနှစ်စီးမှာ အလှမ်းကွာဝေးသွားရလေသည်။

အနက်ရောင် ဆလွန်းကားသည် ကနေဒီကျွန်းကိုပတ်၍ မောင်းလာပြီး ကန်တော်ကြီးထောင့် ဓာတ်ဆီဆိုင်အနီးသို့ ရောက်သည့်အခါ ထိုးရပ်လိုက်၍ နောက်မှ မောင်းလာနေသည့် အိုပယ်လ်ကား၏ အရိပ်အခြည်ကို စောင့်ကြည့်နေကြစဉ် အိုပယ်လ်ကားလိုက်လာသည်ကို

mgyoe.com